# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# [ ၂၃–၁၁–၂၀၁၆ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြေကွက်များအား အစိုးရသစ်လက်ထက်တွင် မြေချပါမစ်အသစ်၊ မြေဂရန်အသစ်၊ အထူးမြေချဂရန်များကို ချထားပေးခြင်းရှိ၊ မရှိနှင့် အများပိုင်မြေအဖြစ် သတ်မှတ်ထားသော ရပ်ကွက်ရေစက်ကွက်များ၊ ကလေးကစားကွက်များ၊ ပန်းခြံများနှင့် မီးတားကွက်များကို ဂရန်ချထားပေးခြင်း ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **ရှားပါး သတ္တဝါများဖြစ်သော သစ်ဆွဲဆင်ယဉ်များနှင့် တောဆင်ရိုင်းများကို စနစ်တကျ ထိန်းသိမ်းရန်နှင့် သစ်ထုတ်လုပ်မှုများ ပိတ်သိမ်းရပ်နားထား၍ အလုပ်လက်မဲ့ ဆင်များအတွက် စနစ်တကျပြန်လည်စုစည်းနိုင်ရေး ဆောင်ရွက်ထားမှုရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **ရွှေကျင်မြို့နယ်အတွင်းရှိ ရွှေလုပ်ငန်း ကုမ္ပဏီများ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၏ **မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိနှင့် သဘာဝအခြေပြုခရီးသွားလုပ်ငန်း(Eco-tourism) နှင့် ပတ်သက်၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း ဟိုတယ်နှင့် တည်းခိုခန်းများဖွင့်လှစ်ရန် လုပ်ငန်းလိုင်စင်များလျှောက်ထားခြင်း၊ ခွင့်ပြုခြင်းတို့နှင့် စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကသာ တာဝန်ယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်က **"ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲရေဆင်းဧရိယာအတွင်း ပုဂ္ဂလိက လုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တော ကန့်သတ် နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်**

**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၆၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦးရှိပါတယ်။ ခွင့်ပန်ကြား သူများကတော့-

(၁) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ၁ ရက်၊

(၂) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၁ ရက်၊

(၃) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၄) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဝင်းကိုကို ခွင့် ၁ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း ခွင့် ၁ ရက်နှင့်

(၇) ကုန်ကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြေကွက်များအား အစိုးရသစ်လက်ထက်တွင် မြေချပါမစ်အသစ်၊ မြေဂရန် အသစ်၊ အထူးမြေချဂရန်များကို ချထားပေးခြင်းရှိ/မရှိနှင့် အများပိုင်မြေအဖြစ် သတ်မှတ်ထားသော ရပ်ကွက်ရေစက်ကွက်များ၊ ကလေးကစားကွက်များ၊ ပန်းခြံများနှင့် မီးတားကွက်များကို ဂရန်ချထားပေး ခြင်းရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ရှေ့ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ အစိုးရသစ်လက်ထက်မှာ ကျွန်တော်တို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှာ မြေကွက်များကို ပါမစ်ချပေးတယ်၊ ဂရန်ချပေးတယ်ဆိုပြီး လာရောက်ပြီးတော့ နေရာယူကြတဲ့သူ အများအပြားကိုတွေ့နေရတဲ့အတွက် ဒီမေးခွန်းမေးတာပါ။ အဲဒီတော့ မေးခွန်းနံပါတ်(၁)ကတော့ ယခု အစိုးရသစ်လက်ထက် ဧပြီလ ၁ ရက်နေ့ကစပြီး မြေကွက် အသစ်များကို ဂရန်ချပေးထားပါသလား။ နံပါတ်(၂) အကယ်၍ ချပေးတယ်ဆိုလို့ရှိရင် မြေကွက် ဘယ်နှစ်ကွက်ကိုချပေးပါသလဲ။ နံပါတ်(၃) မြေကွက်ချပေးရာတွင် မည်သည့်မူနဲ့ချပေးပါသနည်း။ နံပါတ်(၄) အများပိုင်အဖြစ်သတ်မှတ်ထားတဲ့ ရေစက်ကွက်၊ မီးတားကွက်၊ ကစားကွင်း၊ ပန်းခြံတို့ကို လူတစ်ဦးချင်းပုဂ္ဂိုလ်အမည်နဲ့ မြေကွက်များချပေးပါသလားလို့ မေးတာဖြစ်ပါတယ်။ မေးရတဲ့ အကြောင်းအရင်းကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှာ မြေတွေဟာ အရမ်းတန်ဖိုးရှိပါတယ်။ မြေတစ်ကွက်ရဲ့တန်ဖိုးက အင်မတန်နိမ့်ကျတဲ့ ချောင်ထဲမှာရှိရင်တောင် သူရဲ့တန်ဖိုးက သိန်း ၅၀၀ လောက်ရှိပြီးတော့ အလယ်အလတ်အဆင့်မှာရှိလို့ရှိရင် သိန်း ၁၀၀၀ လောက်ရှိပါတယ်။ လမ်းမကြီး

တွေအပေါ်မှာဆိုရင် အဲဒီမြေကွက်တွေဟာ သိန်းပေါင်း ၁၀၀၀၀ လောက်အထိရှိတာကို တွေ့ရပါတယ်။ အဲဒီမြေကွက်တွေကို အစိုးရသစ်လက်ထက်မှာ ခြံကာတယ်။ အဆောက်အဦလာဆောက်တယ်။ သူတို့ကို မေးတဲ့အခါကျတော့ သူတို့ကဂရန်ရှိတယ်၊ ပါမစ်ရှိတယ်လို့ ပြောပါတယ်။ ပါမစ်ရှိတယ်လို့ ပြောတဲ့အခါမှာ နောက်ဆုံး (၄၅)ရပ်ကွက်မှာ အဖြစ်အပျက်တစ်ခုဖြစ်ပါတယ်။ အဲဒါကတော့ ရေစက်ကွက်ကြီးပါ။ အဲဒီရေစက်ကွက်ကြီးကို ဗိုလ်မှူးကြီးတစ်ယောက်ရဲ့နာမည်နဲ့ မြေကွက် ကျတယ်ဆိုပြီးတော့ ခြံလာကာပါတယ်။ ခြံလာကာတဲ့လူကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှာ တော်တော်နာမည်ကြီးတဲ့ အိမ်၊ ယာ၊ မြေအကျိုးဆောင်လုပ်ငန်း မြေကွက်ရောင်း/ဝယ်လုပ်တဲ့သူက လာကာတာပါ။ အဲဒီအခါမှာ ရပ်ကွက်လူထုနဲ့ ပဋိပက္ခဖြစ်ပါတယ်။ ပဋိပက္ခဖြစ်ပြီးတော့ အဲဒီအခါမှာ အဲဒီဥစ္စာကနေ ကျွန်တော်တို့က စပြီးတော့ ဒီမေးခွန်းဖြစ်ပေါ်လာတာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ ဒီမြေကွက်တွေကို ပုဂ္ဂလိကနာမည်နဲ့ မြေကွက်တွေချပေးနေပါ သလားလို့ မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြေကွက်များအား ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နောက်ပိုင်း အစိုးရသစ်လက်ထက်တွင် မြေချပါမစ်အသစ်၊ မြေဂရန်အသစ်၊ အထူးမြေချဂရန်များကို ချထားပေးခြင်းရှိ/မရှိ၊ ချထားပေးခဲ့သည်ဆိုပါလျှင် မြေကွက်မည်မျှချထားပေးခဲ့ပါသနည်း။ မြေကွက်ချထားပေးရာတွင် မည်သည့်မူနှင့် ချထားပေးပါသနည်း။ အများပိုင်မြေအဖြစ် သတ်မှတ်ထားသော ရပ်ကွက်ရေစက်ကွက်များ၊ ကလေးကစားကွင်းအကွက်များ၊ ပန်းခြံများနှင့် မီးတားကွက်များကို ဂရန်ချထားပေးခြင်းရှိ/မရှိ၊ ရှိခဲ့ပါလျှင် အဘယ်ကြောင့်ချပေး သည်

ကိုသိရှိလိုခြင်း နှင့်စပ်လျဉ်းတဲ့မေးခွန်းအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော ဖြေကြားချက်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းမှာရှိတဲ့ မြို့နယ်အသီးသီး၌ မြေချပါမစ်ရှိသူများမှ မြေငှားစာချုပ်(ဂရန်)လျှောက်ထားခြင်း အများအပြားအား လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှာ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နောက်ပိုင်း လက်ရှိနိုင်ငံတော်အစိုးရလက်ထက်ကာလပိုင်းတွင် မြေချပါမစ်ခွင့်ပြုချထားခြင်းမရှိဘဲ အထူးဝန်ဆောင်ခန္ဓန်းထားဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) ခွင့်ပြုချထားပေးခဲ့မှုမှာ ယနေ့အထိ တစ်ခုသာရှိပြီးတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်- (၄၅/သစ်ထည်)၊ မြေကွက်အမှတ်- (သ/၈) ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမှ မြေကွက်ချထားပေးခြင်းနှင့်ပတ်သက်ပြီးတော့ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီနှင့် တွဲဖက်အတွင်းရေးမှူးတို့ထံလိပ်မူပြီး အထူးဝန်ဆောင်ခန္ဓန်းဖြင့် ဂရန်လျှောက်ထား ခြင်းများအား ကော်မတီ၏ခွင့်ပြုချက်ဖြင့် စစ်ဆေးရန် ညွှန်ကြားလာပါက လျှောက်ထားသူ ကာယကံရှင်၏လျှောက်လွှာတွင် မြေတိုင်း၊ မြေကွက်အမှတ်များပါဝင်သည့် လျှောက်လွှာများအား အောက်ပါမူဝါဒအတိုင်း စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ (က) လျှောက်လွှာနှင့်အတူ လျှောက်ထားနေရာတွင် နှစ်ကာလကြာမြင့်စွာ တစ်ဆက်တစ်စပ်တည်းနေထိုင်ကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ (ခ) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ထုတ်ပေးထားသော အိမ်ထောင်စုစာရင်း၊ အထက်အပိုဒ်ခွဲ(က)ပါအတိုင်း နေထိုင်ခဲ့ပါက အိမ်ထောင်စု စာရင်း/ယာယီအိမ်ထောင်စုစာရင်းရှိနေပြီဖြစ်ပါတယ်။ (ဂ) အနေကြာနေထိုင်ခြင်းဖြစ်သည့်အတွက် သန့်ရှင်းရေးဆောင်ရွက်ခ၊ ရေဖိုးရေခ၊ လျှပ်စစ်မီတာခပေးဆောင်ခြင်း အစရှိသဖြင့် ထမ်းဆောင် ခဲ့သည့် အခွန်အခပြေစာများ၊ (ဃ) ၎င်းလျှောက်ထားသူသည် အဆိုပါနေရာတွင် တစ်ဆက်တစ်စပ် တည်း အနေကြာနေထိုင်ခြင်းရှိ/မရှိနှင့် ရှိပါက နှစ်မည်မျှနေထိုင်သည်ကို ဘေးပတ်ဝန်းကျင် ငါးအိမ်ကိုပါ တစ်ပါတည်း မေးမြန်းစိစစ်ဆောင်ရွက်ခြင်း၊ (င) ၎င်းအပြင် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးမှ ကိုယ်စားလှယ်အားခေါ်ယူပြီးတော့ လျှောက်ထားသောမြေကို ခွင့်ပြုပေးနိုင်ခြင်းမရှိပါက ခွင့်ပြုချက်မဲ့ အဆောက်အဦကျူးကျော်ဆောက်လုပ်မှုကို တစ်ပါတည်း

မှတ်သား၍ တရားစွဲဆိုနိုင်ရေးဆောင်ရွက်ခြင်း၊ အထက်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် - (၄၅/သစ်ထည်)၊ မြေကွက်အမှတ် - (သ/၈) မြေနေရာအား သခင်သန်းတင် (ခ) ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)၊ ကြည်း(၁၀၄၄)၊ ဥက္ကဋ္ဌ၊ တပ်မတော်မသန်မစွမ်းများနှင့် စီမံကိန်းဝင်(ငြိမ်း) စစ်သည်ဟောင်းများ၏ အောင်နိုင်သူ (သမဝါယမအသင်းလီမိတက်) မြောက်ဥက္ကလာပမြို့နယ်မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားလာမှုအရ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) ခွင့်ပြုထားခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ၂၁-၆-၂၀၁၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကော်မတီဝင်များ၏ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၆)၏ ဆုံးဖြတ်ချက်အပိုဒ်(က/၁၁၉) ဖြင့် ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ထိုသို့ဝန်ဆောင်ခနှုန်းထားဖြင့် မြေငှားစာချုပ်(ဂရန်) ခွင့်ပြုဆောင်ရွက်ခြင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ (က) ခွင့်ပြုချထားသော မြေနေရာသည် မြို့မြေစာရင်း (Town Land Roll)တွင် မှတ်သားပါဝင်မှုမရှိခြင်း၊ (ခ) မြို့ကွက်ချမြေပုံ (Block Map) တွင် ရေစက်ကွက်ဟုဖော်ပြထားသော်လည်း မြေပြင်ကွင်းဆင်းစစ်ဆေးမှုတွင် အသုံးပြုမှုမရှိသည့် ပျက်စီးအက်ကွဲနေသော ရေစက်နေရာဟောင်းကိုသာ စိစစ်တွေ့ရှိရပြီး သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးမှ အဆိုပါအကွက်သည် ရေအုတ်ကန်မရှိခြင်း၊ ရေပေးဝေခြင်းမရှိကြောင်း ထောက်ခံထားခြင်း၊ (ဂ) မြေပြင်တွင် အဆိုပါရပ်ကွက်အုပ်ချုပ်ရေးမှူးအဆက်ဆက်မှ နေထိုင်ခွင့်ပြုထားသော ယာယီနေထိုင်သူ ဒေါ်စန်းစန်း မိသားစုတို့မှ အဆိုပါရေတွင်းဟောင်းပျက်အား ငုံ၍ အဆောက်အဦဖြင့် နေထိုင်တည်ရှိခြင်း၊ (ဃ) အဆိုပါမြေကွက်နေရာသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသော မြေနေရာဖြစ်ခြင်း။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ရာတွင် လက်ရှိအခြေအနေ၌ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၅)ရပ်ကွက်နေပြည်သူများမှ အဆိုပါရေစက်ကွက်အား မြေငှားစာချုပ်(ဂရန်) ခွင့်ပြုထုတ်ပေးထားခြင်းကို ပြန်လည်ပယ်ဖျက်ပေးရန် ဥက္ကဋ္ဌ(မြို့တော်ဝန်)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ကန့်ကွက်တင်ပြမှုများရှိပါသဖြင့် သခင်သန်းတင် (ခ) ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)၏ တင်ပြလျှောက်ထားချက်အရ ခွင့်ပြုချထားခဲ့သော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် - (၄၅/သစ်ထည်)၊ မြေကွက်အမှတ် - (သ/၈) အားပယ်ဖျက်၍ ပြန်လည်အစားထိုး

ခွင့်ပြု ချထားရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ယခု ကျွန်တော့်ကို ပြန်လည်ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို နောက်ဆက်တွဲမေးခွန်း မေးခွင့်ပြုပါ။ ပထမတစ်ချက် ကတော့ ခုနက မူထဲမှာပြောသွားတယ်။ ကာလကြာရှည်နေထိုင်တဲ့သူကိုပေးမယ်တဲ့။ အဲဒီမှာ ဗိုလ်မှူးကြီး သန်းတင် မနေပါဘူး။ အဲဒီက ရပ်ကွက်ရေစက်ကွက်ဖြစ်တယ်။ ဘယ်သူမှမနေဘူး။ အဖြေထဲမှာလည်း ပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးက လူတစ်ယောက်ကို အငှားချထားပေးပြီး မြေလခယူနေတဲ့ မြေကွက်ပါ။ အဲဒီမြေကွက်ထဲမှာနေတဲ့သူက ဒေါ်စန်းစန်းပါ။ အဲဒီတော့ အခုနက မူ(၁)မှာပဲ ကာလကြာရှည်နေတဲ့သူ ကိုပေးမယ်လို့ပြောပြီးတော့ တကယ်မနေတဲ့သူကရတယ်။ အခုနကပြောတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရဲ့ ထောက်ခံစာဆိုတာလည်း လွယ်လွယ်ပြောရရင် ဖန်တီးလို့လွယ်ပါတယ်။ သန်းခေါင်စာရင်းကတော့ ဘယ်လိုလဲတော့မသိဘူး။ အဲဒီနေရာမှာ ဘယ်သူမှမနေဘူး။ အဲဒီ ဒေါ်စန်းစန်းပဲ နေတယ်။ အုတ်ကန်ကလည်း ကျွန်တော်တို့ ရပ်ကွက်က မလိုအပ်သေးလို့ မသုံးတာ။ လိုအပ်ရင်သုံးမှာပါ။ အဲဒီတော့ အခုနက မြေကွက်တစ်ကွက်တည်းချပေးတယ်ဆိုတဲ့စကား မှားပါတယ်။ ဘာဖြစ်လို့မှားလဲဆိုတော့ ကျွန်တော် မေးခွန်းနှင့်အတူ ပေးပို့တဲ့စာထဲမှာကိုပဲ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ကော်မတီကနေ တိုင်ကြားတဲ့စာထဲမှာ ရပ်ကွက်ရေစက်ကွက်ငါးကွက်ကို ပါမစ်ရတယ်ဆိုပြီး အိမ်တွေဆောက်နေကြပါတယ်လို့ တိုင်ထားတာ ပူးတွဲပေးပို့ခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ တစ်ကွက်တည်း ပေးတယ်ဆိုတာ မဟုတ်ပါဘူး။ နောက်တစ်ခုက ဗိုလ်မှူးကြီးသန်းတင်က ဒီမှာ မနေဘဲနဲ့ လျှောက်လိုက်တာနဲ့ မြေကွက်ရတယ်။ နောက် ဒုတိယမေးခွန်း ကျွန်တော် မေးချင်တာကတော့ အထူးဂရန်နှုန်းထား ဆိုတာ ဘယ်လောက်လဲ။ အဲဒီမြေကွက်က ပေ ၆၀ ပတ်လည်မြေကွက်ဖြစ်တဲ့အတွက် အဲဒီမြေကွက်က သိန်း ၁၅၀၀ လောက်အထိ တန်နိုင်ပါတယ်။ အဲဒီလို သိန်း ၁၅၀၀ လောက်ကို အထူးဝန်ဆောင်စရိတ်သွင်းပြီး လျှောက်ရင်ရတယ်ဆိုရင် အခြားသူလျှောက်ရင်ရော ပေးမှာလား။ ပြည်သူပြည်သားတွေက တန်းတူအခွင့်အရေးရသင့်တယ်။ အဲဒီတော့ ဒီလူကျတော့ အခွင့်ထူးပေးလိုက်တာ။ အဲဒီအထူးဂရန်ရဲ့ ဝန်ဆောင်စရိတ်ဘယ်လောက်သွင်းရသလဲ။ မြေရဲ့တန်ဖိုး ဘယ်လောက်ရှိသလဲဆိုတာကို ချင့်ချိန်သင့်ပါတယ်။ နောက်တစ်ခုက ပြောရမယ်ဆိုလို့ရှိရင်

မြေကွက်က တစ်ကွက်တည်းမဟုတ်တဲ့အပြင် ကျန်တဲ့မြေကွက်တွေကလည်း ပါမစ်ရှိတယ်၊ ရှိတယ် ပြောတဲ့အခါကျတော့ ကျွန်တော်တို့က မြို့နယ်စည်ပင်အဖွဲ့ကိုမေးပါတယ်။ စည်ပင်က သူတို့မသိပါ ဘူး။ မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း သူတို့မသိပါဘူးလို့ ဖြေကြားပါတယ်။ အဲဒါကို ကျွန်တော်တို့ ပြန်လည်ရှင်းလင်းပေးစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာခင်မောင်မောင် မေးတဲ့မေးခွန်းများကို ကျွန်တော့်အနေနဲ့ အားလုံး မှတ်သားထားပါတယ်။ ဒီမေးခွန်းကလည်း ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ဖြေကြားပေးတဲ့အတွက် ဒီနေရာမှာတော့ ကျွန်တော့်အနေနဲ့ ဖြေကြားလို့မရနိုင်ပါဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မေးခွန်းများကို ကျွန်တော့်အနေနဲ့ ရန်ကုန် တိုင်းဒေသကြီးအစိုးရကို ပြန်လည်မေးမြန်းပြီးတော့ ပြည်သူ့လွှတ်တော်သို့ ပြန်လည်တင်ပြအစီရင်ခံမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ရှားပါးသတ္တဝါများဖြစ်သော သစ်ဆွဲဆင်ယဉ်များနှင့် တောဆင်ရိုင်းများကို စနစ်တကျထိန်းသိမ်းရန်နှင့် သစ်ထုတ်လုပ်မှုများ ပိတ်သိမ်းရပ်နားထား၍ အလုပ်လက်မဲ့ဆင်များအတွက် စနစ်တကျပြန်လည်စုစည်း နိုင်ရေး ဆောင်ရွက်ထားမှုရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်လို့ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်ကစလို့ သစ်တောများထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် သစ်ထုတ်လုပ်မှုတွေရပ်ဆိုင်းမှုပြုလုပ်ဖို့ နိုင်ငံတော်က စီစဉ်ဆောင်ရွက်နေကြောင်း သိရပါတယ်။ နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးလုပ်ငန်းပိုင် ဆင်အကောင် ၆ဝ ကို အလောင်းတော်ကဿပဘုရားဖူး သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ အသုံးပြုမယ်ဆိုတာလည်း စာစောင်တွေ၊ မဂ္ဂဇင်းတွေမှာ တွေ့ရ ပါတယ်။ ပုဂ္ဂလိကပိုင်ဆင်များအနေနဲ့ကတော့ သစ်ထုတ်လုပ်တဲ့လုပ်ငန်းဒေသတွေကို ပြောင်းရွှေ့

သွားလာပြီးတော့ အလုပ်ရှာဖွေလုပ်ကိုင်တဲ့နေရာမှာ ဒေသတစ်ခုကနေတစ်ခုကိုပြောင်းရွှေ့ဖို့ သစ်တောဦးစီးဌာနက မှျောစာနှင့်ခွင့်ပြုချက်တွေရယူပြီးတော့ ပြောင်းရွှေ့သွားလာပြီး သက်ဆိုင်တဲ့ မြို့နယ်တွေမှာ ဆင် များကို မှတ်ပုံတင်ရပါတယ်။ သစ်တောဦးစီးဌာနအဆင့်ဆင့်ကလည်းပဲ မှျောစာတွေနဲ့ပြောင်းလာတဲ့ ဆင်တွေကို မှတ်ပုံတင်စေပြီးတော့ ထိန်းသိမ်းရတယ်။ သုံးနှစ်တစ်ကြိမ် သက်တမ်းတိုးပြီးတော့ ဆောင်ရွက်စေပါတယ်။ ဒီလိုသက်တမ်းတိုးဆောင်ရွက်စေတဲ့အခါမှာ ဆင်အတော်များများ သက်တမ်းတိုးမှုမလုပ်ကြတာတွေ့ရပါတယ်။ ဥပမာအနေနဲ့ ကျွန်တော်တို့ လှိုင်းဘွဲ့မြို့နယ်မှာ ၁၉၉၇-၁၉၉၈ ကနေပြီးတော့ ၂၀၁၁-၂၀၁၂ ထိ မှတ်ပုံတင်တဲ့ ဆင်အကောင် ၉၃ ကောင်ရှိတဲ့အနက် အမှန်တကယ် သေဆုံးတာဟုတ်/မဟုတ် စိစစ်ဖို့ခက်ခဲတဲ့ဆင်က ၂၂ ကောင်၊ ကျန်တဲ့ ၇၁ ကောင်မှာ သုံးနှစ်တစ်ကြိမ် သက်တမ်းတိုးပျက်ကွက်တာတွေကတော့ တစ်ကြိမ်မြောက် ပျက်ကွက်တာက ၂၁ ကောင်၊ နှစ်ကြိမ် မြောက်ပျက်ကွက်တာက ၁၆ ကောင်၊ သုံးကြိမ်မြောက် ပျက်ကွက်တာက ရှစ်ကောင်၊ လေးကြိမ်မြောက် ပျက်ကွက်တာက ခုနစ်ကောင်နှင့် ငါးကြိမ်မြောက်ပျက်ကွက်တာက လေးကောင် ပျက်ကွက်တဲ့ အကောင်ပေါင်း ၅၆ ကောင်ရှိတာကို တွေ့ရပါတယ်။ ကျွန်တော် ခရိုင်စာရင်းစစ်အရာရှိအနေနဲ့ တာဝန် ထမ်းဆောင်ခဲ့တဲ့ ဖာပွန်မြို့နယ်မှာလည်းပဲ အလားတူအခြေအနေမျိုးတွေရှိတာ တွေ့ရပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ်ဟာ တစ်ဖက်ယိုးဒယားနိုင်ငံနဲ့ နီးစပ်တဲ့ဒေသဖြစ်ပါတယ်။ ပုဂ္ဂလိကပိုင် ဆင်တွေဟာ လုပ်ငန်းရှိရာဒေသတွေကို ပြောင်းရွှေ့သွားလာတဲ့သဘာဝ ရှိတဲ့အတွက်ကြောင့်မို့လို့ စနစ်တကျ ထိန်းသိမ်းဖို့လည်း တော်တော်ခက်ခဲပါတယ်။ လက်ရှိဘဏ္ဍာရေးနှစ်ကစပြီးတော့ သစ် ထုတ်လုပ်မှုတွေ မရှိတာကြောင့် ဆင်တွေအတွက် လုပ်ငန်းတွေမရှိလို့ ဒီဆင်တွေကို တစ်ဖက်နိုင်ငံမှာ တရားမဝင် သွားရောက်ရောင်းချတာမျိုးတွေလည်း ရှိလာနိုင်ပါတယ်။ နိုင်ငံပိုင်ဆင်တွေအပြင် နိုင်ငံသား ပုဂ္ဂလိကပိုင်သစ်ဆွဲဆင်တွေဟာလည်းပဲ နိုင်ငံရဲ့ရတနာတွေဖြစ်တဲ့အတွက် နိုင်ငံအတွက် မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေရှိလာမှာစိုးရပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ နိုင်ငံသားပုဂ္ဂလိကပိုင် ဆင်များနဲ့ပတ်သက်လို့ နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတွေ မရှိစေရေး အတွက် တရားမဝင်ရောင်းဝယ်မှုတွေကြောင့် နိုင်ငံရဲ့ရတနာတွေ လျော့နည်းပျောက်ဆုံး မသွားစေရေး တာဝန်ရှိသူများအနေနဲ့ ဖြစ်လာမယ့်အခြေအနေတွေကို ကာကွယ်တားဆီးရေးနှင့် အလုပ်အကိုင် ဖန်တီးပေးနိုင်မယ့်အစီအစဉ်တွေ ဆောင်ရွက်ထားနိုင်ခြင်းရှိ/မရှိနှင့် စီစဉ်ဆောင်ရွက်

ထားမှု အခြေအနေကို ရှင်းလင်းဖြေကြားပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့ မြန်မာနိုင်ငံအတွင်း လူများသင်ကြားပေးထားသော သစ်ဆွဲဆင်ယဉ်များနှင့် တောဆင်ရိုင်းများမှာ ရှားပါးသတ္တဝါများဖြစ်၍ သစ်ဆွဲဆင်များမှာ အသုံးဝင်သော သက်ရှိရတနာများဖြစ်၍ စနစ်တကျထိန်းသိမ်းရန်လိုအပ်နေပြီး သစ်ထုတ်လုပ်မှုများ ပိတ်သိမ်းရပ်နားထား၍ အလုပ်လက်မဲ့ဆင်များအတွက် စနစ်တကျပြန်လည်စုစည်းထိန်းသိမ်းနိုင်ရေး တာဝန်ရှိသူများမှ အစီအမံများ ဆောင်ရွက်ထားမှုများရှိ/မရှိနှင့် ဆောင်ရွက်ထားမှုအစီအစဉ်များကို ရှင်းလင်းပြနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ဆင်များကို မြန်မာနိုင်ငံရဲ့ အလွန်မြင့်မားတဲ့တောင်ပေါ်ဒေသကလွဲပြီးတော့ နေရာအနှံ့အပြားမှာ တွေ့ရပါတယ်။ အထူးသဖြင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့မှာရှိတဲ့ သဘာဝတောများမှာ အဓိကကျက်စားပါတယ်။ မြန်မာနိုင်ငံဟာ အာရှတိုက်မှာ အိန္ဒိယနိုင်ငံပြီးလို့ရှိရင် ဒုတိယအများဆုံးဆင်ဦးရေကို ပိုင်ဆိုင်ထားပါတယ်။ အိမ်မွေးဆင်မှတ်ပုံတင်စာရင်းများအရ Power Point မှာတင်ပြတဲ့အတိုင်းပါပဲ။ ဆင်ဦးရေဟာဆိုရင် သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် ပုဂ္ဂလိကပိုင်ဆင်ဟာဖြင့် အားလုံး ဆင်ပေါင်း အရေအတွက် ၄၀၀၀ ကျော်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ရှေးမြန်မာမင်းလက်ထက်ကတည်းကပင် ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားပြီးတော့ ၁၈၇၉ ခုနှစ်မှာ ပြဋ္ဌာန်းထားခဲ့တဲ့ ဆင်ထိန်းသိမ်းရေးဥပဒေဟာ မြန်မာ

နိုင်ငံအတွက် ပထမဆုံး တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးဥပဒေဖြစ်ပါတယ်။ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (၁၉၉၄)အရ ဆင်များကို လုံးဝကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်များစာရင်းထဲမှာ ထည့်သွင်းဖော်ပြထားပါတယ်။ ဤဝန်ကြီးဌာနအနေနဲ့ အားလုံး ကျွန်တော်တို့ တောဆင်ရိုင်းများကို ဘေးမဲ့တောများအဖြစ် စုစုပေါင်းဧရိယာ ၉၂၀၅.၀၄ စတုရန်းမိုင်မှာ ထားရှိပါတယ်။ Power Point မှာ တင်ပြထားတဲ့အတိုင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ သဘာဝတောတောင်အခြေအနေအရ ယဉ်ပါးအောင်လေ့ကျင့်ထားတဲ့ သစ်ဆွဲဆင်များဟာ သဘာဝတောများက သစ်ထုတ်နိုင်ခြင်းအတွက် စီးပွားရေးအရတွက်ခြေကိုက်ပြီးတော့ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်ပါတယ်။ သဘာဝသစ်တောများမှ ထုတ်လုပ်မှုလျော့ကျလာခြင်းကြောင့် သစ်ဆွဲဆင်များ လိုအပ်မှုနည်းပါးကာ သဘာဝတောဆင်ရိုင်းများကို သစ်ထုတ်လုပ်ရေးအတွက် ဖမ်းဆီးခြင်းများကို ခွင့်ပြုပေးခြင်းမရှိတော့ပါ။ သစ်ဆွဲဆင်များဟာ လူနှင့်ယဉ်ပါးအောင် လေ့ကျင့်ထားပြီးသားဖြစ်တဲ့အတွက် သစ်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အသုံးမလိုတော့တဲ့ဆင်ယဉ်များကို သဘာဝအခြေခံခရီးသွားလုပ်ငန်း(Ecotourism) နှင့် ဆင်စခန်း(Elephant Camp)များတည်ထောင်ပြီးတော့ ဆင်စီးခြင်းတို့အတွက် အသုံးပြုမှာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ခုနက ကိုယ်စားလှယ်တော်ကြီး ရှင်းလင်းပြတဲ့အတိုင်းပါပဲ။ သစ်ထုတ်လုပ်ခြင်းကို ရပ်ဆိုင်းထားသော်လည်းပဲ နှစ်စဉ်ပုံမှန်လုပ်နေကျအတိုင်း ဌာနဆင်များကို အစာရေစာကောင်းမွန်တဲ့စားကျက်များမှာ ဆင်ငါးကောင်ကနေဆင်ခုနစ်ကောင်အထိ ပါဝင်တဲ့ဆင်ဝိုင်းများအဖြစ်ဖွဲ့စည်းပြီးတော့ ဆင်ခေါင်း၊ ဆင်အုပ်၊ ဆင်ဝိုင်းတာဝန်ခံ၊ ဆင်ဆေးကု၊ နယ်တာဝန်ခံနှင့်ဒေသတာဝန်ခံတို့က အဆင့်ဆင့်တာဝန်ယူပြီးတော့ စစ်ဆေးအုပ်ချုပ်လျက်ရှိပါတယ်။ နေ့စဉ် ဆား/မန်ကျည်း ပုံမှန်ကျွေးပေးခြင်း၊ နှစ်စဉ် လည်ချောင်းကွဲကာကွယ်ဆေးနှင့် ဒေါင့်သန်းရောဂါဆေးထိုးပေးခြင်း၊ သွေးမှန်ကျင်ကြီး/ကျင်ငယ်စစ်ဆေးပြီးတော့ ရာသီအလိုက် သံချဆေးကျွေးပေးခြင်းများကို ဆောင်ရွက်ပါတယ်။ အရေးပေါ်ကျန်းမာရေးကျဆင်းမှု ဖြစ်ပေါ်လာတဲ့ဆင်များကိုတော့ ကုသပေးခြင်း၊ ဖြည့်စွက်အစာပေးခြင်းများကို ဆောင်ရွက်ပေးပါတယ်။ ဌာနဆင်များအပြင် ပုဂ္ဂလိကပိုင်ဆင်များကျန်းမာရေးကုသဖို့ကိုလည်း လိုအပ်ပါက ဌာနမှာရှိတဲ့ နယ်လှည့်ဆင်ဆေးကုများကနေပြီးတော့ ဆင်များကို မော်တော်ယာဉ်များနဲ့ သွားရောက်ပြီးတော့ ကုသပေးခြင်း၊ ဆင်များ မုံကျပြီးတော့ လွတ်မြောက်ခြင်းရှိပါကလည်းပဲ မေ့ဆေးများဖြင့်ပစ်ခတ်ပြီးတော့ ထိန်းသိမ်းပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ တာဝန်ရှိဝန်ထမ်းများမှ ဌာနဆင်များကို လစဉ်စစ်ဆေးပြီးတော့ စစ်ဆေးတွေ့ရှိချက်များကို၊

အစီရင်ခံစာများကို ပုံမှန်တင်ပြပေးခြင်းအားဖြင့် ဆင်များရဲ့ကျန်းမာရေးများကို ကျွန်တော်တို့ စောင့်ရှောက်ထားရှိပါတယ်။

အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာဖြင့် ကျွန်တော်တို့ မြန်မာ့သစ်လုပ်ငန်းက သစ်များကို ပြန်လည်ထုတ်ပါတယ်။ ထုတ်တဲ့အခါမှာ မြန်မာ့သစ်လုပ်ငန်းဆင်များအပြင် ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ပုဂ္ဂလိကဆင်များကိုလည်းပဲ အသုံးပြုပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မြန်မာ့သစ်လုပ်ငန်းမှ အလုပ်လုပ်နိုင်စွမ်းမရှိတဲ့ အနားပေးဆင်များကို သဘာဝကိုအခြေခံတဲ့ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ရန် စီမံထားရှိပြီးတော့ ပုဂ္ဂလိကပိုင်ဆင်များကိုလည်းပဲ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း၊ ဆင်များရဲ့အနာဂတ်နဲ့ပတ်သက်ပြီး ဆောင်ရွက်သင့်တဲ့လုပ်ငန်းများကို ဆွေးနွေးပြောဆိုခြင်းများကိုလည်း ဆောင်ရွက်ထားရှိပါတယ်။ နှစ်စဉ် ဆင်ဘက်ဆိုင်ရာလုပ်ငန်းအလုပ်ရုံများဆွေးနွေးပွဲ ကျင်းပလျက်ရှိပြီးတော့ ယခုနှစ်မှာလည်းပဲ ၂၄-၁၀-၂၀၁၆ ရက်နေ့မှ ၂၆-၁၀-၂၀၁၆ ရက်နေ့အထိ မြန်မာ့သစ်လုပ်ငန်း၊ စီမံကိန်းနှင့်စာရင်းအင်းဌာနလက်အောက်မှာရှိတဲ့ အမှတ် (၁)လေ့ကျင့်ရေးသင်တန်းကျောင်း(နန်ချွန်)မှာ ပြည်တွင်း/ပြည်ပခရီးသွားလုပ်ငန်းအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကဆင်ပိုင်ရှင်များအသင်းမှ ကိုယ်စားလှယ်တော်များ ဖိတ်ကြားပြီးတော့ ဆင်ဘက်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး ဆင်များရဲ့ အနာဂတ်ကောင်းမွန်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ပြီး တင်ပြချင်တာကတော့ ဆင်များနှင့်ပတ်သက်ပြီးတော့ ဩစတြေးလျနိုင်ငံ၊ ဗီယင်နာမြို့အခြေစိုက်ထားတဲ့ INGO ဖြစ်တဲ့ **ဖောဘောာ**ဆိုတဲ့အဖွဲ့အစည်းကနေပြီးတော့ မြန်မာ့သစ်လုပ်ငန်းမှာရှိတဲ့ ဆင်အို၊ ဆင်နာများ၊ ဆင်ငယ်များကို ပြုစုစောင့်ရှောက်ဖို့အတွက် နှစ်ရှည်စီမံကိန်းကိုလည်းပဲ ပြုလုပ်ရန်အတွက် MOU ထိုးရန်အတွက် ဆောင်ရွက်ထားရှိပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ရွှေကျင်မြို့နယ်အတွင်းရှိ ရွှေလုပ်ငန်းကုမ္ပဏီများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ကြွရောက်လာကြတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ ရွှေကျင်မြို့နယ် အတွင်း ရွှေတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးနေမှုများကို ကာကွယ်ရန် မည်ကဲ့သို့ စီမံ ဆောင်ရွက်ထားသည်နှင့်စပ်လျဉ်းပြီးတော့မှ ကျွန်တော်မေးမြန်းချင်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရ ခြင်းရဲ့အဓိကရည်ရွယ်ချက်က သဘာဝပတ်ဝန်းကျင်တွေပျက်စီးလာတယ်။ ကျွန်တော်တို့ရဲ့လက်ထက် မှာ စည်းမဲ့ကမ်းမဲ့သဘာဝပတ်ဝန်းကျင်ပျက်စီးအောင် ရွှေတွေတူးဖော်လာတာ။ ဒါကို ကျွန်တော်တို့ မျိုးဆက်တွေကို ဒီအတိုင်းထားခဲ့ပေးမယ်ဆိုရင် မတရားရာကျပါတယ်။ နောက်တစ်ချက်ကကျတော့ နိုင်ငံတော်ဘဏ္ဍာတွေကို ကောင်းမွန်စွာစီးဆင်းပြီးတော့မှ အဖက်ဖက်မှလိုအပ်နေတဲ့ နိုင်ငံတော် ဘဏ္ဍာကို ဖြည့်တင်းနိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ ဒီမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ရွှေကျင်မြို့နယ်အတွင်းမှာ ရွှေတူးဖော်ခြင်းလုပ်ငန်းကို ရှေးမင်းလက်ထက်ကတည်းကမှ လုပ်ကိုင်ခဲ့ပါ တယ်။ မော်မတမြစ်နဲ့ ရွှေကျင်မြစ်တို့ရဲ့ချောင်းလက်တက်များမှ မိရိုးဖလာလက်လုပ်တွင်းများတူးပြီး လုပ်ကိုင်ခဲ့ကြပါတယ်။ ၁၉၉၀ ခုနှစ်ကနေ စစ်ပွဲတွေဖြစ်ပြီးနောက်ပိုင်းမှာတော့ ရွှေတူးဖော်ရေး ကုမ္ပဏီကြီးများဟာ ရွှေကျင်မြစ်နှင့် မော်တမမြစ်များတစ်လျှောက်ရောက်ရှိလာပြီးတော့ ခေတ်မီ စက်ယန္တရားကြီးများဖြင့် ရွှေတူးဖော်ခြင်းလုပ်ငန်းများကို အကြီးအကျယ်လုပ်ကိုင်ခဲ့ကြရာ ရိုးရာ ရွှေတူးဖော်ရေးလုပ်ငန်းများလည်း ကွယ်ပျောက်ခဲ့ရပါတယ်။ ရွှေကျင်မြို့နယ်အတွင်းမှာ ရွှေတူးဖော်တဲ့ လုပ်ကွက်ပေါင်း ၄၀ လောက်ရှိတယ်ဆိုပြီးမှ Add Drive International ရဲ့အစီရင်ခံစာအရ သိရပါ တယ်။ ဒါပေမဲ့ မဲဆန္ဒနယ်ထဲမှာသွားပြီး ကျွန်တော်ကွင်းဆင်းတဲ့အခါမှာ ကြားရတာက အနည်းဆုံး ၈၀ လောက်ရှိတယ်ဆိုတာ ကြားရပါတယ်။ ဒီလိုတူးဖော်လိုက်တဲ့အတွက် ရေအရင်းအမြစ် တွေကုန်ခမ်းသွားတယ်။ အချို့ချောင်းများ လုံးဝခန်းခြောက်သွားတယ်။ အချို့ချောင်းများ ဘယ်သော အခါမှ ရေများပြန်လည်ဝင်ရောက်လာခြင်းမရှိတော့ဘူး။ မြစ်ချောင်းများထဲမှာ မြေဆီလွှာတိုက်စားမှု၊ အနည်များပို့ပြီးထူလာတာကို တွေ့ရတယ်။ မြစ်ကမ်းပါးနှင့် မြစ်ကမ်းပါးဘေးသစ်ပင်များက အောက် ခြေမှ ပြိုဆင်းလာပြီးတော့မှ နုန်းတင်မြေနှင့် မြေဆီလွှာများကြောင့် မြစ်ကြမ်းပြင်အချို့ပျက်စီးသွားခဲ့ ရတယ်။ တူးဖော်ရာမှာ ရွှေပါဝင်တဲ့အနည်အနှစ်တွေကို ပြဒါးနဲ့ အခြားဓာတုဗေဒဆေးခတ်ထားတဲ့ မြောင်းအတွင်းသို့ စီးဝင်စေပြီး ပါရှိတဲ့ရွှေများကို ဖမ်းယူပြီးတော့မှ ကျန်ရှိတဲ့အနည်အနှစ်၊ အညစ်

အကြေးတွေကို ရွှေကျင်နှင့် မော်တမချောင်းအတွင်းသို့ စီးဝင်စေပါတယ်။ ဂေဟာစနစ်ကို အကြီးအကျယ်ထိခိုက်ပျက်စီးစေတဲ့အတွက် ပြဒါးအသုံးပြုမှုကို နိုင်ငံအတော်များများမှာ ပိတ်ထားတာရှိပါတယ်။ သို့သော်ငြားလည်းပဲ ရွှေကျင်မြို့နယ်အတွင်းမှာ ရွှေတူးဖော်တဲ့လုပ်ကွက်များမှာ အဲဒီလို အညစ်အကြေးများနှင့်အတူ ပြဒါးများဟာ ရွှေကျင်မြစ်နဲ့ မော်တမမြစ်ထဲကို အတားအဆီးမဲ့ပျော်ဝင်လျက်ရှိတယ်ဆိုပြီးတော့မှ Add Drive International ရဲ့ အစီရင်ခံစာထဲမှာကိုပဲ ကျွန်တော်တို့ တွေ့ရပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေတဲ့နောက်တစ်ချက်ကတော့ အသုံးပြုတဲ့အင်ဂျင်စက်များက ဒီဇယ်နှင့်အခြားလောင်စာဆီများ ဖိတ်စင်မှုကြောင့် ချောင်းရေအသုံးပြုစိုက်ပျိုးတောင်သူများရဲ့ စိုက်ခင်းများပျက်စီးရပါတယ်။ မြစ်ကမ်းဘေးမှာရှိတဲ့ကျေးရွာများနှင့် မြစ်ပေါ်ရပ်ကွက်များဟာ ချောင်းဘေးမှာနေပြီးတော့မှ သောက်သုံးရေရှားပါးတဲ့ဒဏ်ကို ခံစားခဲ့ရပါတယ်။ ရွှေကျင်မြို့က ဒီသဘာဝပတ်ဝန်းကျင်ရဲ့ ဆိုးရွားတဲ့ဒဏ်ကို တော်တော်လေးခံစားနေခဲ့ရပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒီမှာကြည့်မယ်ဆိုလို့ရှိရင် စိမ်းနေတဲ့မြစ်က စစ်တောင်းမြစ်ပါ။ အနီရောင် ရွှံ့ရေလိုဖြစ်နေတာ ရွှေကျင်မြစ်နဲ့ မော်တမမြစ်ဆုံပြီး ရွှေကျင်ချောင်းကြီးပါ။ ဒါကတော့ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုအခြေအနေပါ။ အခုက ပုံဟာဆိုလို့ရှိရင် နုန်းအနည်အနှစ်တွေပါတဲ့ ရွှေကျင်ထားတဲ့အရည်တွေကို မော်တမချောင်းထဲကို အတားအဆီးမဲ့စွန့်ပစ်နေတာပါ။ မိမိအိမ်နောက်ဖေးမှာရှိတဲ့ မြောင်းလိုသဘောထားပြီးတော့မှ ပစ်နေတဲ့အနေအထားမျိုးပါ။ ဒါကတော့ စက်ယန္တရားကြီးနဲ့ တူးဖော်တဲ့အတွက် မြေလွှာတွေကို ဟိုးအောက်အထိကို တူးနှိုက်ထားတဲ့အခြေအနေပါ။ ဒီ ကောင်းကင်ကနေကြည့်ရတဲ့ပုံအရဆိုရင် ရွှေကျင်၊ ဟိုဘက်ကစီးဆင်းချောင်းကဆိုရင် မော်တမချောင်းပါ။ ရွှေကျင်ချောင်းနဲ့ မော်တမချောင်း အမြဲတမ်းဆယ့်နှစ်ရာသီလုံး နီရဲနေတဲ့ ကော်ဖီရောင်ပေါက်နေပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော်မေးမြန်းလိုတာက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ အခန်း(၁) နိုင်ငံတော်အခြေခံမူများပုဒ်မ ၄၅ မှာ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင် ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် မြန်မာ့သတ္တုတွင်းဥပဒေ အမှတ်(၈/၉၄)ရဲ့ ပုဒ်မ ၃၊ ပုဒ်မ ၁၃ ပုဒ်မခွဲ(င)တို့မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်ဖို့ပြဋ္ဌာန်းထားတဲ့အပြင် ပုဒ်မ ၁၂ ပုဒ်မခွဲ(က)အရ လိုအပ်တဲ့ညွှန်ကြားချက်များကိုလည်း လိုက်နာရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးချင်တာက ရွှေကျင်မြို့နယ်အတွင်း မှတ်ပုံတင်ထားတဲ့ ရွှေကုမ္ပဏီ ဘယ်လောက်ရှိလဲ၊ ဘယ်နှစ်ခုရှိလဲ၊ မှတ်ပုံတင်ထားတဲ့ကုမ္ပဏီများက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ကာကွယ်ရေးလုပ်ဆောင်မှုတွေကို ဘယ်လိုစီမံ

ဆောင်ရွက်ထားလဲ။ မှတ်ပုံတင်ထားတဲ့ကုမ္ပဏီများက ဥပဒေနှင့်အညီ လုပ်ဆောင်ရဲ့လား။ ယနေ့အချိန် အထိ အရေးယူဆောင်ရွက်မှုတွေ ဘယ်လောက်ရှိပြီလဲ။ မှတ်ပုံမတင်ထားသေးတဲ့ ရွှေတူးဖော်မှုများကို မည်ကဲ့သို့အရေးယူဆောင်ရွက်ပါသလဲ။ လတ်တလောဖြစ်ပေါ်နေသော သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုတွေကို ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေ၊ EIA ၊ SIA နှုန်းထားနှင့်အညီ စစ်ဆေးရဲ့လား။ နောက် သတ်မှတ်ချက်များနဲ့စစ်ဆေးမှုမပြုဘူးဆိုလို့ရှိရင် -----။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ။** ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောရဲ့ ရွှေကျင်မြို့နယ်အတွင်း မှတ်ပုံတင်ထားသော ရွှေလုပ်ငန်းကုမ္ပဏီမည်မျှရှိသလဲ၊ မှတ်ပုံတင်ထားသော ကုမ္ပဏီများ၏ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ကာကွယ်သည့်လုပ်ဆောင်မှုများကို မည်သို့ စစ်ဆေးစီမံဆောင်ရွက် ထားပါသလဲ၊ မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေများ ချိုးဖောက်ပါက မည်ကဲ့သို့ အရေးယူပါသလဲ၊ ယနေ့အချိန်အထိ အရေးယူဆောင်ရွက်မှု မည်မျှရှိပါသလဲ၊ မှတ်ပုံမတင် သည့်တရားမဝင် ရွှေတူးဖော်မှုများကို မည်သို့အရေးယူဆောင်ရွက်ပါသလဲ၊ လတ်တလောဖြစ်ပေါ် နေသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေ၊ EIA၊ SIA စံနှုန်းများနှင့် ညီ/မညီ ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများ အစီအစဉ်ရှိပါသလား၊ ထိုသို့ ကွင်းဆင်းစစ်ဆေး တိုင်းတာ၍ ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတကာစံသတ်မှတ်ချက်များနှင့် မကိုက်ညီပါက စံသတ်မှတ် ချက်နှင့် ပြည့်မီအောင် ဆောင်ရွက်ပြီးသည်ထိ ရွှေတူးဖော်ခြင်းလုပ်ငန်းများ ရပ်ဆိုင်းထားရန် အစီအစဉ်ရှိပါသလား သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းဌာနနှင့် တရားဝင်စာချုပ်ချုပ်ဆိုပြီး ရွှေသတ္တုတူးဖော်လုပ်ကိုင်

နေတဲ့ ရွှေပစ်မှတ်သတ္တုတူးဖော်ရေးကုမ္ပဏီနဲ့ ကညောထူးဒိုစိုးကုမ္ပဏီ နှစ်ခုရှိပါတယ်။ ရွှေပစ်မှတ်သတ္တုတူးဖော်ရေးကုမ္ပဏီဟာ ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ကျေးရွာအုပ်စုမှာ ၂၀ ဧကရှိတဲ့ အသေးစားရွှေလုပ်ကွက်(SGN-137) လုပ်ကွက်(၁)ကို ရွှေသတ္တုအသေးစားလုပ်ရန် ၁၀-၁၂-၂၀၁၅ ရက်စွဲပါခွင့်ပြုမိန့်အမှတ်၊ ၀၃၉၅/၂၀၁၁(သက်တမ်းတိုး)နဲ့ ၇-၁၂-၂၀၁၅ ရက်နေ့ကနေပြီးတော့ ၆-၁၂-၂၀၁၆ ရက်နေ့အထိ ဒုတိယအကြိမ် သက်တမ်းတိုး တစ်နှစ်ကိုလည်းကောင်း၊ ကညောထူးဒိုစိုးကုမ္ပဏီဟာ ရွှေကျင်မြို့နယ်၊ အင်္ဂနီကျေးရွာအုပ်စုမှာ ၂၀ ဧကရှိ အသေးစားရွှေလုပ်ကွက်(SGN-142) လုပ်ကွက်တစ်ကွက်ကိုလည်းကောင်း၊ ရွှေသတ္တုအသေးစားလုပ်ရန် ၂၇-၁-၂၀၁၆ ရက်စွဲပါခွင့်ပြုမိန့်အမှတ်၊ ၀၀၁၁/၁၆ နဲ့ ၂၇-၁-၂၀၁၆ ရက်နေ့မှ ၂၆-၁-၂၀၁၇ ရက်နေ့အထိ မူလခွင့်ပြုမိန့်အတိုင်း သက်တမ်းတစ်နှစ်နဲ့လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်အား Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ပဲခူးတိုင်းဒေသကြီးမှာ ရွှေကျင်ဒေသရွှေသတ္တုတူးဖော်ရေးလုပ်ငန်း ကြီးကြပ်ဆောင်ရွက်ရန် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ရွှေဖက်စပ်ကြီးကြပ်ရေး(ရွှေကျင်)ကို ဖွင့်လှစ်ထားပြီးတော့ ၎င်းရဲ့ကြီးကြပ်မှုနဲ့ မြို့နယ်တာဝန်ခံများက လုပ်ကွက်များကို ပုံမှန်စစ်ဆေးကြီးကြပ်လျက်ရှိပါတယ်။ အဲဒီမှာ AGM လက်ထောက်မန်နေဂျာအဆင့်နဲ့ အခြားဝန်ထမ်းအဆင့်သုံးဦး အားလုံးလေးဦးရှိပါတယ်။ ကုမ္ပဏီများအနေနဲ့ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ပါစည်းကမ်းချက်များကို လိုက်နာစေပြီးတော့ လိုက်နာမှုမရှိပါက မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၂၈ ပါ စီမံခန့်ခွဲရေးနည်းလမ်းအရ ခွင့်ပြုမိန့်နှင့် လုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသများကို ဆိုင်းငံ့ထားစေခြင်း၊ ခွင့်ပြုမိန့်ပယ်ဖျက်ခြင်း၊ ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ပြစ်ဒဏ်တို့နဲ့ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခုအထိ ကုမ္ပဏီများဟာ ရွှေသတ္တုတူးဖော်တဲ့နေရာမှာ ခွင့်ပြုမိန့်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်လျက်ရှိပြီးတော့ အရေးယူဆောင်ရွက်မှုမရှိခဲ့သေးပါဘူး။

တရားမဝင်ရွှေသတ္တုတူးဖော်မှုများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး စစ်ဆေးတွေ့ရှိပါက မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၀ နဲ့ ပုဒ်မ ၃၀ ပုဒ်မခွဲ(က)အရ တရားစွဲဆိုအရေးယူမှာဖြစ်ပါတယ်။ ကျွန်တော်ဒီနေရာမှာ ပုဒ်မ ၃၀ နဲ့ ပုဒ်မ ၃၀ ပုဒ်မခွဲ(က)ကို အသေးစိတ် Power Point မှာ ရှင်းပြထားပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများမရှိစေရန်အတွက် ယခင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနရဲ့ ၂၉-၁၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၁၆/၂၀၁၅)နဲ့ ထုတ်ပြန်ထားတဲ့ ပတ်ဝန်းကျင်

**မူကြမ်း**

ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP)အစီရင်ခံစာများကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးထားပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ရေးဆွဲတင်ပြစေကာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနက စိစစ်ထုတ်ပြန်ပေးတဲ့ သက်သေခံလက်မှတ်(Environmental Conservation Compliance Certificate-ECCC)လက်မှတ်ရရှိရေးနဲ့ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ခွင့်ပြုမိန့်ရရှိထားတဲ့ ကုမ္ပဏီများဟာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan – EMP)ပါအတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်မှုရှိ/မရှိကို ဌာနမှကွင်းဆင်းစစ်ဆေးရေးအဖွဲ့များနဲ့ ပုံမှန်စစ်ဆေးသွားစေမှာဖြစ်ပြီးတော့ လိုက်နာဆောင်ရွက်ခြင်းမရှိပါက (EMP)ပါ အစီရင်ခံစာအတိုင်း ဆောင်ရွက်ပြီးစီးသည်အထိ တူးဖော် ရေးလုပ်ငန်းများကို လုံးဝရပ်ဆိုင်းထားမှာ ဖြစ်ပါတယ်။ ရှေ့ဆက်ပြောဆိုချင်တာက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအနေနဲ့၊ CSR အနေနဲ့ ရွှေပစ်မှတ်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် ကနေပြီးတော့ ငွေကျပ် ၇၃ သိန်းကျော် အကုန်ခံပြီးတော့ ဒေသအတွင်းလမ်းဖောက်ခြင်းနဲ့ စေတီ/ကျောင်းကန်ပြုလုပ်ခြင်း များကိုလည်းကောင်း၊ ပြုပြင်ခြင်းကိုလည်းကောင်း၊ ကညောထူးဒိုစိုးကုမ္ပဏီ အနေနဲ့ သံဆိပ်ကျေးရွာနဲ့ ဝါးတောကြီးကျေးရွာနှစ်ရွာကြားမှာ ဆက်ထားတဲ့မြေသားလမ်းများကို ဖောက်လုပ်ခြင်းများကို လည်းကောင်းဆောင်ရွက်ခဲ့ပါကြောင်း ကျွန်တော့်အနေနဲ့ ဖြည့်စွက်တင်ပြ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် ဆက်စပ်မေးခွန်း ကျွန်တော်မေးချင်ပါတယ်။ အခုဝန်ကြီးကတော့ ဖြေသွားတယ်ပေါ့။ ကျွန်တော်တို့ ပုံမှန်စစ်ဆေးပါတယ်။ ဒီကုမ္ပဏီတွေကလည်း ငွေကုန်ကြေးကျ သိန်း ၇၀ တို့၊ ဘာတို့ အကုန်အကျခံပြီးတော့မှ ဆောက်လုပ်ခဲ့ဖူးတာရှိတယ်ပေါ့။ ဒီလိုဖြေကြားသွားတာရှိတယ်။ ပုံမှန်စစ်ဆေး တယ်။ နောက်ပုံမှန်စစ်ဆေးပြီးတော့မှ မကိုက်ညီလို့ရှိရင် သက်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူမယ် ဆိုပြီးတော့မှ ဖြေကြားသွားတာပါ။ ဆိုတော့ ကျွန်တော်အခုနက Power Point မှာ ပြထားတဲ့ပုံအရဆို လို့ရှိရင် ကျွန်တော်တို့က သဘာဝပတ်ဝန်းကျင်ပညာရှင်မဟုတ်တဲ့ သာမန်လူကိုယ်တိုင်တောင်မှ ဒီဟာ ကို ကြည့်ပြီးတော့မှ သဘာဝပတ်ဝန်းကျင်ဘယ်လောက်အထိပျက်စီးနေတယ်ဆိုတာကို ကျွန်တော်တို့

ခန့်မှန်းလို့ရပါတယ်။ ဒီအပေါ်မှာ ပုံမှန်စစ်ဆေးတယ်။ ကျွန်တော်ကိုယ်တိုင် ရောက်ခဲ့ပါတယ်။ ဒီ ဟူနော်ဘော ဆိုတဲ့ရွာအထိ။ ဒါ အစလောက်ပဲရှိတယ်လို့ ပြောလို့ရပါတယ်။ အဲဒီရွာအထိ ကျွန်တော် ကိုယ်တိုင်ဆင်းပြီးရောက်ခဲ့ပါတယ်။ တကယ် အခုနက ပြထားတဲ့ပုံတွေအတိုင်းကို တော်တော်လေး သဘာဝပတ်ဝန်းကျင်ပျက်စီးနေပါတယ်။ ဒီကွင်းဆင်း ပုံမှန်စစ်ဆေးတယ်ဆိုပေမဲ့လည်း ကျွန်တော် သွားမေးကြည့်တဲ့အခါမှာ ရောက်ရှိလာတာမျိုးကို တစ်ခါမျှကြုံဖူးတာမရှိဘူး။ အဲဒီတော့ ကျွန်တော် ဆက်စပ်မေးခွန်းအနေနဲ့ မေးချင်တာက တကယ့်လက်တွေ့မှာ ရွှေတူးဖော်တဲ့ကုမ္ပဏီပေါင်း အများကြီး ရှိပါတယ်။ အခုက ဝန်ကြီးဖြေကြားသွားတာ နှစ်ခုအပေါ်မှာ အခြေတည်ပြီးဖြေသွားတယ်။ တရားမဝင် တူးဖော်နေတဲ့လုပ်ငန်းတွေလည်းရှိတယ်။ ဒီအပေါ်မှာများ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုမျိုးဆက်လက်ပြီးတော့စီမံဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလဲ။ EIA ၊ SIA စံနှုန်းတွေနဲ့ မညီဘူး ဆိုလို့ရှိရင် ဘယ်လိုဆက်လက်ပြီး အရေးယူဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါသလဲဆိုတာကို မှတ်ပုံမတင်ထားတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့၊ လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်မေးချင်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ ဟုတ်ကဲ့။ ကိုယ်စားလှယ်တော်ကြီးအခုနက ဖြည့်စွက်မေးမြန်းတဲ့အထဲမှာ ကျွန်တော် ဖြေကြားလိုတာက ကျွန်တော်တို့ရဲ့ အခုသတ္တုတွင်းပေ့ါလေ။ အဲဒီဌာနကို မှတ်ပုံတင်ထားတာကတော့ တရားဝင်ကတော့ နှစ်ခုပဲရှိပါတယ်။ ကျန်တဲ့ဟာတွေကတော့ ကျွန်တော်သိရသလောက် တရားမဝင် တူးဖော်နေတာတွေဖြစ်ပါတယ်။ အဲဒီနေရာမှာ စစ်ဆေးတဲ့နေရာမှာလည်းပဲ ကျွန်တော်တို့ သွားရောက်ပြီး စစ်ဆေးလို့ လုံခြုံရေးအရ စစ်ဆေးလို့ရတဲ့ဟာရှိသလို၊ လုံခြုံရေးအရ စစ်ဆေးလို့မရ တာတွေလည်းရှိပါတယ်။ အထူးသဖြင့် အခုနက ပုံမှာပါတဲ့၊ တင်ပြထားတဲ့ ဒီပုံတွေဟာ အထူးသဖြင့် တရားမဝင်တူးဖော်နေတဲ့ကုမ္ပဏီများကနေ၊ လုပ်ငန်းတွေကနေပြီးတော့ ဖြစ်လာတဲ့ဟာလို့ တော်တော် များများသိရပါတယ်။ အဲဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်အခုနက တင်ပြထားတဲ့ အဲဒီမှာရှိတဲ့၊ သတ္တုတွင်းမှာရှိတဲ့ AGM နဲ့ အဖွဲ့ကိုလည်းပဲ ထပ်မံစစ်ဆေးရန်အတွက် ကျွန်တော်တို့ ညွှန်ကြားပြီး ဖြစ်ပါတယ်။ အဲဒီအတိုင်း ကျွန်တော်တို့တွေ့ရှိလို့၊ စစ်ဆေးလို့တွေ့ရှိလို့ရှိရင် ကျွန်တော်အခုနက တင်ပြပါအတိုင်းပဲ သတ္တုတွင်းဥပဒေအရ ပုဒ်မ ၃၀ နှင့် ပုဒ်မ ၃၀ ပုဒ်မခွဲ(က)အရ ပြင်းထန်စွာ အရေးယူမှာဖြစ်ပါကြောင်းကိုလည်းပဲ ကျွန်တော်ဖြည့်စွက်ပြီးတော့ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အချိန်အဟုန်မြှင့်ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် သဘာဝအခြေပြုခရီးသွားလုပ်ငန်း (Eco-tourism)နှင့်ပတ်သက်၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်လျက် ရှိသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ ဒီနေ့ တိုင်းပြည် နိုင်ငံတွေမှာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် မီးခိုးမထွက်တဲ့စက်ရုံတွေရယ်လို့ တင်စားပြီးတော့ ခေါ်ဝေါ်ကြတဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းမှာပဲ ဖြစ်ပါ တယ်။ အဓိကက နိုင်ငံ့ဝင်ငွေတိုးတက်ရှာဖွေဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းအတွက်သာမကဘဲနဲ့ ဒီခရီးသွားလုပ်ငန်းနဲ့ ဟိုတယ်လုပ်ငန်းဟာဆိုလို့ရှိရင် မိမိတို့နိုင်ငံတွေရဲ့ အမှတ်အသားသရုပ်ကို မြှင့်တင်နိုင်တဲ့အတွက်ကြောင့်မို့လို့လည်း နိုင်ငံတော်တော်များများကနေပြီးတော့ ဒီကမ္ဘာနှင့်ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေကြတာ တွေ့ရပါတယ်။ ကျွန်မတို့အိမ်နီး နားချင်းနိုင်ငံတွေကိုကြည့်မယ်ဆိုလို့ရှိရင် ဒီခရီးသွားလုပ်ငန်းကနေပြီးတော့ ဝင်ငွေအမြောက်အမြား ရှာဖွေနိုင်တယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးဖန်တီးပေးနိုင်တာကို ကျွန်မတို့ တွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံကလည်း နိုင်ငံရေးဟာပွင့်လင်းလာတာနှင့်အမျှ ခုနက နိုင်ငံခြား စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေနဲ့ အလားအလာရှိတဲ့နိုင်ငံတစ်ခုအဖြစ်နဲ့ ကမ္ဘာ့နိုင်ငံတွေက ရှုမြင်လာကြ ပြီးတော့ ဒီလိုအချိန်အခါမျိုးမှာ ကျွန်မတို့အနေနဲ့ ဒီကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေ၊ ကမ္ဘာလှည့်ခရီး သွားတွေကို ဘယ်လိုဆွဲဆောင်စည်းရုံးပြီးတော့ တိုင်းပြည်ဝင်ငွေရှာမလဲဆိုတာ ဒီနေ့ဒီအချိန်အခါမှာ အချိန်အခါကောင်းလို့ထင်ပါတယ်။ အထူးသဖြင့် လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖန်တီးပေးနိုင်ဖို့ရာမှာ ဒီ Industry ကတစ်ထောင့်တစ်နေရာကနေပြီးတော့ အထောက်အပံ့ပေးနိုင် မယ်လို့ မျှော်လင့်လို့၊ ယုံကြည်လို့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ကျွန်မကို Power Point အသုံး ပြုခွင့်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒီကမ္ဘာလှည့်ခရီးသွားလာရေးကောင်စီပေါ့နော်။ အဲဒီကောင်စီ ကပြုလုပ်တဲ့ သုတေသနစစ်တမ်းတွေအရဆိုလို့ရှိရင် ၂၀၁၅ ခုနှစ်မှာဖြန့်ဝေတဲ့ အစီရင်ခံစာပါ။ ညာဘက်က Graph မှာဆိုလို့ရှိရင် အလုပ်အကိုင်အခွင့်အလမ်း GDP ကနေပြီးတော့ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှုဟာ ၁.၈ ရာခိုင်နှုန်းရှိပါတယ်။ ဒါ ၂၀၁၄ အတွက်ပါ။ ဒီ ၁.၈ ရာခိုင်နှုန်း

**မူကြမ်း**

ကနေပြီးတော့ GDP ကို တိုက်ရိုက်ဆင့်ပွားလုပ်ငန်းတွေကနေ ဝင်ငွေမပါသေးပါဘူး။ တိုက်ရိုက်လုပ်ငန်းကချည်းပဲ GDP က ၂.၂ ရာခိုင်နှုန်းရှိတယ်လို့ လေ့လာသိရှိရတာဖြစ်ပါတယ်။ ဒီလုပ်ငန်းနှင့်ဆက်စပ်ပြီးတော့ ဆင့်ပွားသွယ်ဝိုက်ဖြစ်ပေါ်လာတဲ့ လုပ်ငန်းတွေရဲ့ဝင်ငွေ အလုပ်အကိုင်အခွင့်အလမ်းတွေမပါသေးပါဘူး။

မြန်မာနိုင်ငံအနေနဲ့လည်း ကျွန်မလေ့လာသိရှိရသလောက်က ၂၀၁၃ ခုနှစ်မှာ Tourism Master Plan ဆိုပြီးတော့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကနေပြီး တော့ ထုတ်ပြန်ထားတဲ့ Report ကို ကျွန်မလေ့လာသိရှိရပါတယ်။ ဒီထဲမှာမှ ၂၀၁၃-၂၀၂၀ ဆိုပြီး Master Plan ဆွဲထားတယ်။ Shorterm အနေနဲ့ ၂၀၁၃ ကနေပြီးတော့ Action Plan ၂၀၁၅ အထိ လုပ်ကိုင်ဆောင်ရွက်ခဲ့တယ်လို့ သိရတယ်။ ဒီ Report ကနေပြီးတော့။ အဲဒီတော့ ဒီ Report ရှိတယ်။ နောက် Strategic Program တွေဆိုပြီးတော့ 1 to 6 ရှိတယ်။ ဒါက ကျွန်မစာအုပ်ကိုအတိုချုပ်ထား တဲ့ Message လေးပါ။ Strategic Issue တွေကို ဖော်ပြထားတယ်။ ရှေ့ဘာဆက်လုပ်မလဲ။ နောက်ပြီးတော့ ဘယ်လို Implement လုပ်မလဲ။ ဘယ်လို Monitoring လုပ်မလဲဆိုတာမျိုးတွေ ဒီ Report မှာပေးထားတယ်။ ဒါပေမဲ့လည်း ဒီ Plan ကိုစခဲ့တာ နှစ်နှစ်ရှိပြီလို့ ဒီအတိုင်းဆိုရင် ကျွန်မတို့ လေ့လာသိရှိရပါတယ်။ Shorterm Action Plan ပါ။ ဆိုတော့ ဒီ World Economic Forum က ၂၀၁၅ ခုနှစ်မှာထုတ်ပြန်တဲ့ Travel and Tourism Competitiveness ပေါ့နော်။ ဒီ Indent ကိုပြန်ကြည့် တဲ့အခါကျတော့ ယှဉ်ပြိုင်နိုင်စွမ်းပေါ့။ ကမ္ဘာ့နိုင်ငံတွေနဲ့ ခရီးသွားလာရေးလုပ်ငန်းကို ဆွဲဆောင်ပြီးတော့ ယှဉ်ပြိုင်နိုင်စွမ်းကို ကြည့်တဲ့အခါမှာ ဒါဟာ ကမ္ဘာ့ပထမတန်းစားနိုင်ငံတွေပေါ့။ ကျွန်မတို့ တိုင်းပြည်ဟာ ခုနက ၁၃၄ မှာရှိနေတာကို သွားပြီးတော့ တွေ့ရပါတယ်။ နိုင်ငံပေါင်း ၁၄၁ နိုင်ငံရှိတယ်။ အောက်က နိုင်ငံတွေဆို ကျွန်မတို့မကြားဘူးတဲ့နိုင်ငံတွေတောင်ပါပါတယ်။ အရှေ့တောင်အာရှမှာဆိုလို့ရှိရင် ကျွန်မတို့က တကယ့်ကိုယှဉ်ပြိုင်နိုင်စွမ်းအနိမ့်ဆုံးနိုင်ငံဖြစ်နေတာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့မေးမြန်းလိုတာက ဒီလို Master Plan ကြီးရှိနေပေမဲ့လည်း ဒီလိုမျိုး အလုပ်အကိုင်အခွင့်အလမ်းတွေ၊ တခြားနိုင်ငံတွေနဲ့ယှဉ်ပြိုင်နိုင်စွမ်းတွေ နိမ့်ကျနေသေးတာကို တွေ့ရပါတယ်။ ဒီ Competitiveness ကိုတိုင်းတာတဲ့အခါမှာ ဒီ Graph တွေပေါ့။ ကျွန်မအချိန်ကို ငဲ့ညှာသောအားဖြင့် အရှည်မရှင်းပြတော့ပါဘူး။ အခြေခံတွေပေါ်မှာစဉ်းစားပြီးတော့၊ အမှတ်တွေပေးပြီးတော့ Grade ကိုဆုံးဖြတ်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပထမမေးခွန်းအနေနဲ့က အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မယ့် ကမ္ဘာနဲ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြင့်

ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ တကယ်လို့ရှိပါကလည်း အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေ မည်မျှကို မျှော်မှန်းချက်ထားပြီးတော့ လုပ်ကိုင်နေပါသလဲဆိုတာ သိချင်ပါတယ်။ နောက်တစ်ချက်က ကျတော့ မြန်မာနိုင်ငံအနေနဲ့ အလားအလာကောင်းတွေရှိနေတဲ့ သဘာဝအခြေပြုခရီးသွားလုပ်ငန်းမှာ ခရီးသွားလုပ်ငန်းက ဆိုးကျိုးတွေလည်းရှိပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်တယ်။ ခုနက ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို ထိခိုက်နိုင်တဲ့အခါမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ရွေးချယ်စရာတစ်ခုက Eco နဲ့ Culture-tourism ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Eco-tourism အတွက်ကိုလည်း ဘယ်လိုမျိုး စီစဉ်ဆောင်ရွက်ထားပြီးတော့ ဒီကနေ ဝင်ငွေတွေဘယ်လောက်ရှာဖို့မျှော်မှန်းထားသလဲဆိုတာ သိရှိ လိုတဲ့အတွက်ကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာရပါစေကြောင်း ကျွန်တော် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်မှ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်မေးမြန်းထားတဲ့ မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့် သဘာဝအခြေပြုခရီးသွားလုပ်ငန်း(Eco-tourism)နှင့်ပတ်သက် ၍ မည်ကဲ့သို့စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားသွား မှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ခရီးသွားအရင်းအမြစ်ပေါကြွယ်ဝပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအလားအလာကောင်းများ စွာ ပြည့်စုံသော မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုရှိစေရန်နှင့် လက်ရှိကမ္ဘာ့ခရီးသွား ကဏ္ဍ၊ မြန်မာ့ခရီးသွားကဏ္ဍတို့နှင့် လိုက်လျောညီထွေမှုရှိစေပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချ၍ တိုင်းဒေသ ကြီးနှင့် ပြည်နယ်အသီးသီးရဲ့ ခရီးသွားလုပ်ငန်းများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပုဂ္ဂလိက

လုပ်ငန်းရှင်များ ပိုမိုလုပ်ကိုင်နိုင်စွမ်းရှိစေရေးကိုဦးတည်၍ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေ(၁၉၉၃)အား ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဟိုတယ်နှင့် ခရီးသွား ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရေးပါပြီး အခြေခံကျတဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်မှုကဏ္ဍအတွက် ဝန်ကြီးဌာနအနေနဲ့ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းများ၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းများ၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာကျွမ်းကျင်မှုသင်တန်းများ၊ ဘာသာစကားနှင့် ကွန်ပျူတာကျွမ်းကျင်မှု(အခြေခံ)သင်တန်းများအပြင် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍအတွင်းရှိ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများအား ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့တွင် စဉ်ဆက်မပြတ် အချိန်အဟုန်မြှင့်၍ ဖွင့်လှစ်ပေးလျက်ရှိရာ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု(အခြေခံ) သင်တန်း(၅၃)ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား/သင်တန်းသူဦးရေ ၇၃၈၆ ဦးတို့တက်ရောက်ခဲ့ပြီး ဖြစ်ပါတယ်။ ထို့အတူ ဒေသအသီးသီးရှိ ဟိုတယ်လုပ်ငန်းကဏ္ဍများမှာ သင်တန်းမတက်ရသေးတဲ့ လုပ်ငန်းခွင်ဝင်ပြီး ဟိုတယ်ဝန်ထမ်းများအတွက် လုပ်ငန်းခွင်မပျက် On Job Training(OJT) ရက်သတ္တပတ်နှစ်ပတ်သင်တန်းများကို(၆၈)ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား/သင်တန်းသူ ၆၈၃၂ ဦး တို့ ပါဝင်တက်ရောက်ခဲ့ပြီးဖြစ်ပါတယ်။

ဝန်ကြီးဌာနရဲ့စီစဉ်မှုနဲ့ ရန်ကုန်မြို့တွင် လူဇင်ဘတ်နိုင်ငံ Luxembourg Agency For Development Cooperation ၏ ပူးပေါင်းကူညီမှုဖြင့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများကို ၁-၆-၂၀၁၆ ရက်နေ့မှစတင်ပြီးတော့မှ သင်တန်းသား ၃၅၈ ဦးကို လေးကြိမ်ဖွင့်လှစ်ခဲ့ပြီး ဟိုတယ် ဝန်ဆောင်မှုသင်တန်းများ ပို့ချပေးခဲ့ပါတယ်။ ထို့အတူ ဆွစ်ဇာလန်နိုင်ငံ၊ ဆွစ်နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေးဖောင်ဒေးရှင်း(Swiss contact)ရဲ့ပူးပေါင်းကူညီမှုဖြင့် ၂၀၁၅-၂၀၁၈ စီမံကိန်းကာလ ၄၂ လအတွင်း ဒေသခံပြည်သူ ၃၀၀၀ အား ဟိုတယ်လုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းများကို ဖွင့်လှစ်ပို့ချပေးသွားရန် လျာထားဆောင်ရွက်ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလအထိ နေပြည်တော် နှင့်ရန်ကုန်မြို့များမှာ ဟိုတယ်ဆိုင်ရာဧည့်ဝန်ဆောင်မှုသင်တန်း ခြောက်ကြိမ်၊ ပြင်ပသင်တန်းသား ၁၇၈၂ ဦးနဲ့ လုပ်ငန်းခွင်ဝင်ပြီးသား သင်တန်းသား ၅၈၀ ဦး စုစုပေါင်း ၂၃၆၂ ဦးအား ဖွင့်လှစ်ပို့ချပေး ခဲ့ပြီး ဖြစ်ပါတယ်။

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ မကျီးစင်ကျေးရွာရှိ သက်မွေးပညာ သင်တန်းကျောင်းတွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများကို သင်တန်းသား ၂၀၁ ဦးဖြင့် လေးကြိမ် အသီးသီးဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်၍ အဓိကခရီးစဉ်ဒေသများမှာလည်း

ဟိုတယ်နှင့် ခရီးသွားသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနမှ စီမံခန့်ခွဲတဲ့သင်တန်းကျောင်းများတည်ထောင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခြားဆက်စပ်သင်တန်းများအနေနဲ့ ဒေသတွင်းလူငယ်လူရွယ်များ အသိပညာတိုးပွားစေရန် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်မှု(အခြေခံ)သင်တန်းများကို ရခိုင်ပြည်နယ်ရှိ မြောက်ဦးနှင့် ကျောက်တော်ဒေသများတွင် သင်တန်းသား ၁၃၅ ဦးဖြင့် နှစ်ကြိမ်၊ ဟိုတယ်သုံး ထိုင်းဘာသာစကားပြောသင်တန်းကို တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့မှာ သင်တန်းသား ၅၀ ဦးဖြင့် တစ်ကြိမ်၊ ပြည်ပဧည့်သည်များ သွားလာမှုလွယ်ကူအဆင်ပြေစေရန် ယာဉ်နှင့် စက်လှေမောင်းသင်တန်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့တွင် သင်တန်းသား ၁၉၃၄ ဦးဖြင့် သင်တန်းတစ်ကြိမ် အသီးသီးဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်၍ ဧည့်လမ်းညွှန်အခြေခံသင်တန်းအမှတ်စဉ်(၅၂) အား ၃၁-၁၀-၂၀၁၆ ရက်နေ့မှစတင်၍ ရန်ကုန်မြို့တွင် ဖွင့်လှစ်ပေးလျက်ရှိပြီး ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်းအမှတ်စဉ်(၂၇)ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင်လည်းကောင်း၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုအခြေခံသင်တန်းကို ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ငပလီတွင်လည်းကောင်း ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် ဂျပန်ဘာသာ၊ တရုတ်ဘာသာနှင့် ထိုင်းဘာသာကျွမ်းကျင်မှုသင်တန်းများကို ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ၃၁ လမ်းထောင့်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းကျောင်းတွင် ဖွင့်လှစ်ပို့ချပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုး တိုးတက်စေရေးအတွက် မြှင့်တင်ကြော်ငြာရန်နှင့် သတင်းအချက်အလက်များထုတ်ပြန်ပေးရန်၊ အများပြည်သူသိရှိနိုင်စေရန်နှင့် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ဝန်ကြီးဌာနရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာအချက်အလက်များအား ကျယ်ကျယ်ပြန့်ပြန့်အသိပေးနိုင်ရန် ၂၀၁၀ ခုနှစ်မှ စတင်ကာ ပြည်ထောင်စုဝန်ကြီးရုံးမှ ခရီးသွားလုပ်ငန်းသတင်းအချက်အလက်များဆိုင်ရာ Website နှစ်ခုလွှင့်တင်ကာ ဝန်ကြီးဌာနလှုပ်ရှားမှုသတင်းများ၊ ဟိုတယ်များနှင့် ဆက်သွယ်ရန်လိပ်စာနှင့် အချက်အလက်များ၊ ခရီးသွားကုမ္ပဏီများနှင့် ဆက်သွယ်ရန်လိပ်စာများ၊ ဘာသာရပ်အလိုက်ဧည့်လမ်းညွှန်အမည်စာရင်းနှင့် ဆက်သွယ်ရန်လိပ်စာများ၊ ဝန်ကြီးဌာနမှ ထုတ်ဝေသည့်စာစောင်များ၊ မြန်မာ့ခရီးသွားလုပ်ငန်းမှ ဝန်ဆောင်မှုပေးနေသည့်ခရီးစဉ်များ၊ ဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသော လုပ်ငန်း

များနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများ၊ ရိုးရာပွဲတော်များ၊ တိုင်းရင်းသားလူမျိုးစုနှင့် ယဉ်ကျေးမှုများအား ထည့်သွင်းဖော်ပြထားလျက်ရှိပါတယ်။

၎င်းအပြင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်ပေါက်များအပါအဝင် အလားအလာရှိတဲ့နေရာများမှာ သတင်းနှင့်ပြန်ကြားရေးကောင်တာများ ဖွင့်လှစ်ထားရှိပြီးတော့ နိုင်ငံခြားသားခရီးသွားဧည့်သည်များရဲ့ ခရီးစဉ်လိုအပ်ချက်များအပေါ် မေးမြန်းစုံစမ်းလာမှုများအား ပြန်လည်ဖြေကြားခြင်းနှင့် အခက်အခဲများကူညီဖြေရှင်းပေးခြင်း၊ ခရီးစဉ်နှင့် ဟိုတယ်ဆိုင်ရာလက်ကမ်းစာစောင်များ၊ လမ်းညွှန်မြေပုံများ ဖြန့်ဖြူးဝေငှခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်မြှင့်တင်ခြင်း၊ ASEAN Tourism Forum-(ATF), ITB Berlin, Moscow International Travel and Tourism Exhibition, Thailand Travel Mart, International Travel Exhibition(ဟိုချီမင်း), JATA Travel Showcase, PATA Travel Mart, ITB Asia, World Travel Mart(London), China International Travel Mart, ASEAN Culture & Tourism Fair စသော ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲများတွင် သွားရောက်ပါဝင်ပြသလျက်ရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ပြီးခဲ့တဲ့ JATA Travel Show နဲ့ World Travel Mart ကဏ္ဍများမှာ ပါဝင်တက်ရောက်ပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကို ဦးဆောင်မြှင့်တင်ခြင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းဆိုင်ရာများကို ပါဝင်ဆွေးနွေးခြင်း၊ ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်ချက်များကို ပံ့ပိုးအားပေးစေခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါအပြင် လက်ရှိဆောင်ရွက်နေဆဲဖြစ်တဲ့ အာဆီယံနှင့်ဒေသတွင်း နိုင်ငံများနှင့်ပူးပေါင်း၍ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များ၊ ချစ်ကြည်ရင်းနှီးမှုခရီးစဉ်များ စီစဉ်ဆောင်ရွက်ခြင်း၊ ပြည်တွင်းတွင်လည်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာပွဲတော်များ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်၊ စာအုပ်စာစောင်များ၊ DVD များထုတ်ဝေခြင်း၊ ပြည်တွင်းပြည်ပ Website များ၊ မီဒီယာများမှတစ်ဆင့် ခရီးစဉ်ဒေသများကို မြှင့်တင်ကြော်ငြာခြင်းတို့ကို ဆက်လက်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဲဒါအပြင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ တည်ဆဲမြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လိုင်စင်ဆိုင်ရာအမိန့်များနှင့်အညီ ဟိုတယ်နှင့် တည်းခို

ရိပ်သာလုပ်ငန်းလိုင်စင်၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်နှင့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအား စိစစ်ထုတ်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် ဩဂုတ်လကုန်အထိ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် ၁၃၉၁ ခု အခန်းပေါင်း ၅၅၀၃၁ ခန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်စုစုပေါင်း ၂၇၁၄ ခု၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၁၇၄၂ ခု၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၄၄၀၆ ဦး၊ ဒေသဆိုင်ရာလုပ်ငန်းလိုင်စင် ၂၈၆၇ ဦးတို့အား ထုတ်ပေးဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ခရီးစဉ်ဒေသများတွင် လိုအပ်သောဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီးရှိ ကျွန်းများကို ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်လည်ပတ်ရေး၊ အထူးသဖြင့် မြန်မာနိုင်ငံနှင့် နယ်စပ်နယ်နိမိတ်ချင်းထိစပ်နေသော ထိုင်းနိုင်ငံ ရနောင်းဒေသသို့လည်း လည်ပတ်ဝင်ရောက်လာသောခရီးသည်များ မြိတ်ကျွန်းစုများသို့ အလွယ်တကူနှင့် လူဦးရေမြောက်များစွာ ဝင်ရောက်လည်ပတ်ခြင်းဖြင့် ဒေသခံများနှင့် ဒေသအစိုးရအဖွဲ့အတွက် ဝင်ငွေရရှိနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေရေးအတွက် အဆိုပါကျွန်းစုများသို့ မိမိနိုင်ငံသားပိုင်လုပ်ငန်းများဖြင့် ပို့ဆောင်လှည့်လည်ပြသရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရန်၊ တစ်ချိန်တည်းမှာပင် Virgin Island များရဲ့ သဘာဝပတ်ဝန်းကျင် ရေအောက်သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အခြားသက်ဆိုင်သောဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၎င်းအရှိန်အဟုန်ကို တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောင်တွင်လည်း ၁-၁၂-၂၀၁၆ ရက်နေ့မှစပြီးတော့မှ စင်ကာပူနိုင်ငံသားများ ဗီဇာကင်းလွတ်ခွင့်ရရှိမှာဖြစ်ရာ ၎င်းတို့ပိုင်မော်တော်ယာဉ်များဖြင့် ရက်သတ္တပတ်အားလပ်ရက်များတွင် မိသားစုအလိုက်လာရောက်လည်ပတ်ကြရေးအစီအစဉ်များလည်း ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုတိုးတက်လာရောက်ရေး အထူးသဖြင့် High End Market ရရှိရေးအတွက် ဈေးကွက်ရှာဖွေမှုနှင့်ခရီးသည်များကို ချိတ်ဆက်ဖိတ်ခေါ်ဆောင်ရွက်နိုင်မယ့် International Hotel Chain များကို ဖိတ်ခေါ်၍ ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးများရရှိရေး၊ လုပ်သာကိုင်သာရှိရေးတို့အတွက် ပံ့ပိုးဆောင်ရွက်သွားပေးမှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ပြည်သူများအကျိုးခံစားခွင့်ပိုမိုတိုးပွားရေးအတွက် ဦးတည်ပြီးတော့မှ ခရီးသွားဆွဲဆောင်မှု

အရင်းအမြစ်ပြည့်စုံသော ကျေးရွာဒေသများတွင် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ဝင်ငွေတိုးပွားရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အတတ်ပညာဗဟုသုတတိုးပွားရေးတို့ကို ဦးတည်၍ Community Based Tourism ကို One Village- One Travel Agency မှ တာဝန်ယူသော စနစ်ဖော်ထုတ်၍ ပညာပေးစမ်းသပ် ပရဟိတစနစ်မျိုးဦးစွာဆောင်ရွက်ပေးပြီး နောင်တွင် ဒေသခံများ၏ လုပ်ကိုင်စွမ်းရည်ဖြင့် စီးပွားရေးလုပ်ငန်းများအဖြစ် ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိပြီး ၎င်းမှတစ်ဆင့် အခင်းအကျင်းကောင်းသော ဒေသများတွင် နိုင်ငံသားများမှ ရင်းနှီးမြှုပ်နှံသော ဟိုတယ်၊ မိုတယ်၊ အင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများ၏သဘောတူညီမှုဖြင့် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်တိုက်တွန်းအားပေးသွားမှာ ဖြစ်ပါသည်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း(Eco-tourism)နှင့်ပတ်သက်၍ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ဟာ နီပေါနိုင်ငံ အခြေစိုက် အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (International Center for Integrated Mountain Development- ICIMOD)နှင့်ပူးပေါင်း၍ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းမူဝါဒနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာ(Ecotourism Policy and Management Strategy 2015-2025)ကို ၂၀၁၅ ခုနှစ် မေလတွင် ရေးဆွဲချမှတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံတွင် သဘာဝ အခြေခံခရီးသွားလုပ်ငန်း(Eco-tourism)ဖွံ့ဖြိုးတိုးတက်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိရာ ကာကွယ်တော (Protected Area) ၂၁ ခုကို Eco-tourism ခရီးစဉ်ဒေသများအဖြစ် ရွေးချယ်သတ်မှတ်ခဲ့ပါတယ်။ ယခုအခါ Protected Area ၂၁ ခုအနက်မှ ဦးစားပေး Eco-tourism Sites များအဖြစ် ရှမ်းပြည်နယ် ရှိ အင်းလေးကန်ဒေသ၊ ချင်းပြည်နယ်ရှိ နတ်မတောင်အမျိုးသားဥယျာဉ်၊ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးဒေသ၊ ခါကာဘိုရာဇီနှင့် ဖုန်ကန်ရာဇီဘေးမဲ့တောများ၊ ပဲခူးတိုင်းဝေါမြို့နယ်ရှိ မိုးယွန်းကြီးအင်း၊ စစ်ကိုင်းတိုင်းမုံရွာခရိုင်ရှိ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ မန္တလေးတိုင်းရှိ ပုပ္ပားတောင်၊ မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးဘေးမဲ့တောတို့မှာ ဦးစားပေး Eco-tourism ခရီးစဉ်ဒေသများအဖြစ် သတ်မှတ်ပြီးတော့မှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာပြီဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပေးပါ။

**မူကြမ်း**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ဈေးကွက်မြှင့်တင်ရေးအဖွဲ့စတဲ့ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပိုမိုပူးပေါင်းလက်တွဲပြီးတော့မှ ခရီးစဉ်ဒေသဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတို့ကို ၎င်းတို့နှင့်ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ အချက်အလက်တွေကိုရှင်းပြပေးသွားတဲ့ ပြည်ထောင်စုဝန်ကြီးကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ဒီဟိုတယ်နှင့်ခရီးသွားလာရေးကနေပြီးတော့ ဖွင့်လှစ်နေတဲ့သင်တန်းတွေဟာ ကျွန်မတို့ ၁၀ တန်းအောင်ပြီးကာစလောက်ကတည်းက ဖွင့်နေတဲ့သင်တန်းတွေအတိုင်းပါပဲ ဖွင့်နေတာ ကျွန်မကြားလိုက်ရပါတယ်။ ဒါက Private Sector ကလည်း အင်္ဂလိပ်စာသင်တန်းတို့၊ ဟိုတယ် Service သင်တန်းတို့က Private ကလည်းဖွင့်လို့ရပါတယ်ရှင့်။ ကျွန်မမေးချင်တာက အခုကျွန်မတို့တိုင်းပြည်ကအကြွေးတွေနဲ့ကျန်ခဲ့တယ်။ ငွေတွေလည်းချေးကြတယ်။ ပိုက်ဆံရှာတဲ့ Industry က ဒီ Industry။ ဒီ Industry အနေနဲ့ အလုပ်အကိုင်ဘယ်လောက်ဖန်တီးနိုင်မလဲ။ Tourism ကို Promote ဖြစ်လာအောင် ဘယ်လောက်မျှော်မှန်းချက်တွေထားပြီးတော့ လုပ်နေသလဲဆိုတာကို ကျွန်မက အဓိက သိချင်တာပါ။ ဒီမေးခွန်းရဲ့ရည်ရွယ်ချက်က သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မျှော်မှန်းဝင်ငွေ ဘယ်လောက်မှန်းထားလဲ။ ဒီဝန်ကြီးဌာနကနေပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းဘယ်လောက် ဖန်တီးပေးဖို့များရည်ရွယ်ပြီးတော့ ဆောင်ရွက်နေပါသလဲဆိုတာကို ကျွန်မဆက်စပ်ပြီး မေးခွန်းမေးချင်တာဖြစ်ပါတယ်။ ဒါမှ လူငယ်တွေကလည်း အလုပ်အကိုင် အခွင့်အလမ်းရှာဖွေနေတဲ့သူတွေကလည်း အားရှိပြီးတော့ သူတို့ ဒီအတွက်ရည်မှန်းပြီးကြိုးစားလာကြမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အဲဒီတော့ အလုပ်အကိုင်အခွင့်အလမ်းဘယ်လောက်ဖန်တီးပေးနိုင်မှာလဲ။ ဝင်ငွေ ဒီဝန်ကြီးဌာနကနေ ဘယ်လောက်ရှာဖို့ကို မျှော်မှန်းထားပါသလဲဆိုတာ မေးခွင့်ပြုပါရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေရှင်းပေးပါ။

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ခင်ဗျား။ ဒီမေးခွန်းနဲ့ပတ်သက်လို့က ဒီဟိုတယ်နှင့် ခရီးသွားလာရေးဖွံ့ဖြိုးတိုးတက်ဖို့ရာဆိုတာ ကျွန်တော်တို့ ဒီလုပ်ငန်းမှာပါဝင်ပတ်သက်နေမယ့် ဝန်ဆောင်မှုလုပ်ငန်းက ကောင်းမွန်ဖို့ အရေးကြီးပါတယ်။ Servicing အပိုင်းကိုတော့ ကျွန်တော်တို့ အရင် Develop လုပ်ရမှာဖြစ်ပါတယ်။ ဒီဟိုတယ်လုပ်ငန်းအဆောက်အဦတွေဆိုတာက အချိန်အခါမရွေး ကျွန်တော်တို့ ဆွဲဆောင်မှုရှိလာတာနဲ့အမျှ လုပ်ငန်းရှင်တွေက ရင်းနှီးမြှုပ်နှံမှာဖြစ်တဲ့အတွက် ဒီအဆောက်အဦတွေက အရေးမကြီးပါဘူး။ အရေးကြီးတာက ကျွန်တော်တို့ Human Resources သာအရေးကြီးပါသည်။ အဲဒီတော့ အခုမှ Human Resources ကို သေသေချာချာဖော်ဆောင်နေတဲ့ကာလဖြစ်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ရင်းနှီးမြှုပ်နှံမှုတွေကို ဖော်ဆောင်နေတုန်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံက ခရီးသွားလုပ်ငန်းကို နောက်ဆုံးမှ အာရှနိုင်ငံမှာဖွင့်လှစ်တဲ့လုပ်ငန်းဖြစ်ပါတယ်။ အခုမှ ဧည့်သည်တွေက ပိုမိုပြီးတော့မှ စိတ်ဝင်စားပြီးတော့မှ လာရောက်ပြီးတော့မှ လည်ပတ်ဖို့ စတင် နေတုန်းဖြစ်ပါတယ်။ အဲဒီတော့ ဧည့်သည်တွေ ခန့်မှန်းခြေအားဖြင့် ဒီနှစ်မှာ တကယ့် Tourism စစ်စစ် ၁၅၀၀၀၀ လောက်ပဲ ကျွန်တော်တို့မျှော်မှန်းပါတယ်။ အဲဒီတော့ အဲဒီကနေပြီးတော့မှ ဝင်ငွေကို ကျွန်တော်တို့က လူတစ်ဦးကို ၁၇၀ ဒေါ်လာနှုန်းနဲ့ တစ်ရက်ကိုသုံးကြလိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။ ဒီကြားထဲမှာလည်း ဒီခရီးသွားလုပ်ငန်းမှာ အခုနောက်ပိုင်းမှာဆိုလို့ရှိရင် Budget Traveller တွေလည်း ဝင်လာပြီဖြစ်တဲ့အတွက် လူဦးရေကတော့ တိုးတက်လာမှာမှန်ပေမယ့်လို့ ဝင်ငွေက ခုနက ၁၇၀ နှုန်းနဲ့ မျှော်မှန်းလို့ မရပါဘူးခင်ဗျား။ Budget Traveller တွေက ငါးဒေါ်လာတန်၊ ၁၀ ဒေါ်လာတန်အခန်းတွေမှာ တည်းပြီးတော့မှ လမ်းဘေးဈေးဆိုင်မှာစားတဲ့အတွက် ကျွန်တော်တို့မျှော်မှန်းထားတဲ့နှုန်းထားနဲ့ အများကြီးကွာဟနေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကိုတော့ ကျွန်တော်တို့ ဘယ်လောက်မျှော်မှန်းသလဲဆိုတဲ့ဟာကိုတော့ ပြန်လည်သုံးသပ်ရဦးမှာဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းမေးတာကတော့ Tourism လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ အစီအစဉ်ရှိ/မရှိ၊ နောက်တစ်ခုက Eco-tourism မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသလဲ။ အဓိက ဒီနှစ်ချက်ကို မေးခွန်းရှင်က၊ ကိုယ်စားလှယ်ကမေးထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဓိကကျတဲ့မေးခွန်းကိုပဲ ဝန်ကြီးဌာနအနေနဲ့ သတ်မှတ်တဲ့အချိန်အတွင်းမှာ ထိထိရောက်ရောက်ဖြေကြားဖို့သာ အဓိကတာဝန်ရှိပါတယ်။ ဝန်ကြီးဌာနကနေပြီးတော့ Tourism လုပ်ငန်းဆောင်ရွက်ထားသမျှ အကုန်

လုံးကို ဖြေကြားဖို့မလိုပါဘူး။ ဒါကြောင့်မို့လို့ ဒါကို ကျွန်တော်တို့ နောက်ကို သတ်မှတ်ချိန်အတွင်းမှာ ဖြေကြားနိုင်ဖို့လည်း ကြိုးစားပေးဖို့ ဝန်ကြီးဌာနကို ပြောကြားလိုပါတယ်။

**မြန်မာနိုင်ငံအတွင်း ဟိုတယ်နှင့်တည်းခိုရိပ်သာများဖွင့်လှစ်ရန် လုပ်ငန်းလိုင်စင်များလျှောက်ထားခြင်း၊ ခွင့်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကသာ တာဝန်ယူဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံအတွင်း ဟိုတယ်နှင့် တည်းခိုခန်းတွေဖွင့်လှစ်ဖို့ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းတွေ၊ ခွင့်ပြုခြင်းတွေနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော် ဒီမေးခွန်းဖြစ်ပေါ်လာရခြင်းကို တင်ပြလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား။ ကျွန်တော်တို့နိုင်ငံတစ်ဝှမ်းမှာရှိတဲ့ တည်းခိုခန်းငယ်လေးတွေကို ယင်းတို့နဲ့သက်ဆိုင်တဲ့ စည်ပင်သာယာရေးကော်မတီတွေက Slide မှာဖော်ပြထားတဲ့အတိုင်းပဲ ညွှန်ကြားချက်တွေကို ယခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတွေမှာ ထုတ်ပြန်ပြီးတော့ ပေးပို့ခဲ့တာကို တွေ့ရှိရပါတယ်။ စာပါအကြောင်းအရာတွေရဲ့ အဓိကအချက်ကတော့ Slide နံပါတ်(၂)မှာဖော်ပြထားပါတယ်။ ဘာလဲဆိုတော့ တည်းခိုခန်းတွေမှာ နိုင်ငံခြားသားတွေ မတည်းခိုနိုင်ဖို့အတွက် ၎င်းတို့နားလည်မှုမရှိစေရန် ဒီတည်းခိုခန်းရဲ့အမည်တွေကို မြန်မာဘာသာနဲ့ ပြောင်းလဲချိတ်ဆွဲထားရန်ဆိုတာ ဖြစ်ပါတယ်။ အတော်ထူးဆန်းပြီးတော့ အင်မတန်မှ နားလည်ရခက်တဲ့ ညွှန်ကြားချက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ အခြားဖွံ့ဖြိုးဆဲနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေမှာ နိုင်ငံခြားသား Tourist တွေအတွက် BNB လို့ခေါ်တဲ့ Bed and Breakfast တွေသာမကဘဲနဲ့ Home Stay လို့ခေါ်တဲ့ပုံစံမျိုးတွေပါ ခွင့်ပြုနေတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာတော့ ရှိပြီးသားတည်းခိုခန်းတွေမှာတောင်မှ တည်းခိုခွင့်မပြုနိုင်အောင်၊ တည်းခိုခန်းမှန်းမသိနိုင်အောင် ပုံဖျက်ထားရမလို ဖြစ်နေတယ်ဆိုတာကတော့ အတော်လေးကိုအကြည့်ရဆိုးပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကတော့ ဒီပုံနဲ့မိုးကြီးချုပ်တော့မှာလို့လည်း ရင်လေးစရာလေးဖြစ်လာပါတယ်။

ဒါကြောင့် ဒီလိုအင်မတန်နားလည်ရခက်တဲ့ ညွှန်ကြားချက်မျိုးကို ဘာကြောင့်ထုတ်ပြန်ရသလဲဆိုတာကို ဆက်လက်လေ့လာတဲ့အခါမှာတော့ ကျွန်တော်တို့နိုင်ငံမှာ ဟိုတယ် ဒါမှမဟုတ် တည်းခိုခန်း

တွေဖွင့်လှစ်ဆောင်ရွက်ဖို့အတွက် လုပ်ငန်းလိုင်စင်တွေလျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်းတွေကို ဌာနနှစ်ခုကနေလုပ်ကိုင်ဆောင်ရွက်တာကို တွေ့ရပါတယ်။ အဲဒါတွေကတော့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရယ်၊ သက်ဆိုင်ရာမြို့ရဲ့စည်ပင်သာယာရေးကော်မတီတွေ ဖြစ်ပါတယ်။ ဒီတော့ ယေဘုယျအားဖြင့်ပြောရမယ်ဆိုရင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကနေ ထုတ်ပေးတဲ့ (ဟ)လိုင်စင်ဆိုလို့ရှိရင်တော့ နိုင်ငံခြားသားတွေတည်းခိုခွင့်ရမယ်။ စည်ပင်သာယာရေးကော်မတီကထုတ်ပေးတဲ့လိုင်စင်မှာဆိုလို့ရှိရင်တော့ ပြည်တွင်း၌နေထိုင်တဲ့သူတွေသာ တည်းခိုခွင့်ရမယ်လို့ယေဘုယျအားဖြင့်သတ်မှတ်ထားတာဖြစ်ပါတယ်။ ဒါဟာ တူညီတဲ့ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာလိုင်စင်လျှောက်ထားမှုကို မတူညီတဲ့ဌာနနှစ်ခုက ခွဲခြားလျှောက်ထားခွင့်ပြုချက်ရယူနေခြင်းရဲ့ အကျိုးဆက်ဖြစ်ပါတယ်။ လျော်ကန်မှုလည်းမရှိသလို ချမှတ်ထားတဲ့စည်းမျဉ်း၊ စည်းကမ်းတွေရဲ့ မတူညီမှုကြောင့်မို့လို့ လုပ်ငန်းပိုင်းဆိုင်ရာမှာလည်း ထိန်းသိမ်းဖို့အတွက်၊ ကြီးကြပ်ဖို့အတွက်မှာ အခက်အခဲတွေ့စေတယ်လို့ ကျွန်တော်အနေနဲ့ မြင်ပါတယ်။

ဒါ့အပြင် တာဝန်ခံဝန်ကြီးဌာနတစ်ခုရှိပြီးဖြစ်ပါလျက်နဲ့ အခြားဌာနတစ်ခုကနေပြီးတော့မှ သီးခြားခွင့်ပြုချက်ပေးဖို့အခွင့်အာဏာရှိနေခြင်းဟာ စီမံခန့်ခွဲရာမှာ အခက်အခဲဖြစ်စေရုံမျှမကဘဲနဲ့ လာဘ်ပေးလာဘ်ယူဖြစ်ပေါ်စေဖို့အတွက် တွန်းအားပေးနေသလို ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဥပမာအားဖြင့်ပြောရမယ်ဆိုရင်။

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးတဲ့အခါမှာ ဆွေးနွေးတာပဲနားထောင်ပါ။ ဆွေးနွေးတဲ့အခါမှာ ထလက်ခုပ်တီးဖို့ မလိုပါဘူး။

**ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ ဘာကြောင့်လဲဆိုတော့ နေရာဒေသတစ်ခုမှာ တည်းခိုခန်းဖွင့်ဖို့အတွက်မသင့်တော်လို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကနေ လိုင်စင်ထုတ်မပေးတာကို အဲဒီမြို့ရဲ့စည်ပင်ထံမှာသွားပြီးတော့မှ လုပ်ငန်းလိုင်စင်မရရအောင် နည်းမျိုးစုံသုံးပြီးတော့ တည်းခိုခန်းလုပ်ငန်းလုပ်ကိုင်နေတာတွေကို တွေ့ရှိရပါတယ်။ နောက်ပြီးတော့ အသုတ်စုံလိုပဲ အလုပ်စုံလုပ်နေတဲ့ စည်ပင်တွေဟာ တာဝန်ခံဝန်ကြီးဌာန(Focal Ministry) ရှိနေပါလျက်နဲ့ ယင်းဌာနရဲ့လုပ်ငန်းတွေကို ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်နေတယ်ဆိုတာဟာလည်း ဌာနချင်းပေါင်းစပ်ညှိနှိုင်းတယ်လို့ ခေါ်ရမှာမဟုတ်ပါဘူးခင်ဗျား။ အခုဆိုလို့ရှိရင် ဝန်ကြီးဌာနအနေနဲ့ ခရီးသွားဥပဒေအသစ်ကို ရေးဆွဲနေပြီး ၂၀၁၇ ခုနှစ်မှာပြဌာန်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတယ်

ဆိုတာကိုလည်း ကျွန်တော်တို့သိရှိရပါတယ်။ နိုင်ငံရဲ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ အခု လိုမျိုး ဘက်ပေါင်းစုံကနေပြီးတော့ ဝိုင်းဝန်းကြိုးပမ်းနေတဲ့အချိန်မှာ ကျွန်တော်အထက်ဖော်ပြခဲ့သလိုပဲ အင်မတန်နားလည်ရခက်တဲ့ ညွှန်ကြားချက်မျိုးတွေ ထပ်မံထုတ်ပြန်ခြင်းမျိုးမဖြစ်ပေါ်စေဖို့အတွက် ဆိုရင် ဟိုတယ်နှင့်တည်းခိုခန်းဆိုင်ရာလိုင်စင်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုတည်းကပဲ တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ဖို့လိုမယ်လို့ ယူဆပါတယ်။

ဒါ့အပြင် ဝန်ကြီးဌာနကနေပြီးတော့သတ်မှတ်ထားတဲ့ (ဟ)လိုင်စင်၊ (တ)လိုင်စင် အစရှိသည့် ဟာတွေက လက်တွေ့မှာမလုံလောက်တာတွေကိုလည်း တွေ့ရပါတယ်။ ဟိုတယ်၊ မိုတယ်၊ Inn၊ တည်းခိုခန်းအစရှိသဖြင့် ဘယ်လိုနာမည်ပဲသုံးသုံး တိကျတဲ့အဆင့်အတန်းသတ်မှတ်ချက်တွေချမှတ်ပြီးတော့ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမယ်ဆိုလို့ရှိရင် ဟိုတယ်လုပ်ငန်းက ပိုမိုတိုးတက်လာမှာဖြစ်တဲ့အပြင် နိုင်ငံ့ ဘဏ္ဍာငွေတွေလည်း တိုးပွားရရှိလာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြို့တော်စည်ပင်သာယာရေးကော်မတီများမှ လုပ်ငန်းလိုင်စင်များ ခွင့်ပြုနေခြင်းကို ပယ်ဖျက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်းများ လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန (Focal Ministry)ဖြစ်သော ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတစ်ခုတည်းကသာ တာဝန်ယူဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေကိုကြေညက်အောင်ဖတ်ပါ။ လက်ခုပ်တီးရမယ့်အချိန်ရှိတယ်၊ မတီးရမယ့်အချိန်ရှိတယ်။ ဒါဟာလွှတ်တော်အစည်းအဝေးခန်းမဖြစ်ပါတယ်။ ဒါဟာ လူထုဟောပြောပွဲမဟုတ်ဘူး။ ဒါဟာ နိုင်ငံရေးစင်မြင့်မဟုတ်ဘူး။ စည်းကမ်းလိုက်နာပါ။ စည်းမဲ့၊ ကမ်းမဲ့တော့ မကြိုးစားပါနဲ့။

**ဥက္ကဋ္ဌ**။ ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်(ခ) ဇေယျာသော် မေးမြန်းထားတဲ့ မြန်မာနိုင်ငံအတွင်းရှိ ဟိုတယ်နှင့်တည်းခိုခန်းများဖွင့်လှစ်ရန် လုပ်ငန်းလိုင်စင်များလျှောက်ထားခြင်း၊ ခွင့်ပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ကသာ တာဝန်ယူဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းဖြေကြားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ တည်ဆဲမြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေး ဥပဒေ၊ ခရီးသွားလာရေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်ဆိုင်ရာအမိန့်တို့နှင့်အညီ ဟိုတယ်လုပ်ငန်းလိုင်စင်(ဟ-လိုင်စင်)နှင့် တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်(တ-လိုင်စင်)ကို ခွင့်ပြုပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေပုဒ်မ ၈ အရ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လိုတဲ့လူဟာ လုပ်ငန်းစီမံချက် စတင်အကောင်အထည်မဖော်မီ ကြိုတင်ပြီးတော့မှ ခွင့်ပြုချက်ရရှိရန် ဝန်ကြီးဌာနသို့သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ လျှောက်ထားရမှာဖြစ်ပြီးတော့မှ ထိုသို့လျှောက်ထားချက်ကို ခွင့်ပြုချက်ရရှိပြီးတော့မှ ဟိုတယ်တည်းခို ရိပ်သာလုပ်ငန်းကို ဆောက်လုပ်ပြီးပါက ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်းအတွက် လိုင်စင်ရရန် လျှောက်ထားယူရမှာဖြစ်ပါတယ်။ အဲဒါအပြင် မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေး ဥပဒေပုဒ်မ ၁၃ မှာတည်းခိုရိပ်သာလုပ်ငန်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ နိုင်ငံခြားသားများ၊ ဧည့်သည်များအတွက်ဖြစ်စေ၊ ပြည်တွင်းခရီးသည်များနှင့် နိုင်ငံခြား သားခရီးသည်များ နှစ်မျိုးလုံးအတွက်ဖြစ်စေ၊ တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်လိုသူသည် ဤဥပဒေ အရသာ လိုင်စင်လျှောက်ထားရမည်ဟု ပြဋ္ဌာန်းထားသဖြင့် နိုင်ငံခြားသားခရီးသည်များကို လက်ခံ ဆောင်ရွက်ရမည့် တည်းခိုရိပ်သာများဟာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှာ တည်းခိုရိပ်သာ လုပ်ငန်းလိုင်စင်ကို လျှောက်ထားရမှာဖြစ်ပါတယ်။ အဲဒီတော့ အခုနက ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ နိုင်ငံခြားသားတွေ၊ Budget Tour တွေဟာ ခုနေခါမှာ မြန်မာပြည်ကိုစတင်ဝင်ရောက်လာပြီ ဖြစ်ပါ တယ်။ ဒီ Budget Tour တွေရဲ့ သဘောသဘာဝက တန်ဖိုးနည်းတဲ့နေရာတွေမှာပဲ တည်းဖို့ဖြစ်ပါ တယ်။ အဲဒီတော့ ရန်ကုန်တိုင်းဒေသကြီးမှာ တည်းခိုခန်းတွေကို စည်ပင်သာယာကဖွင့်လှစ်ပေးထားတဲ့ ဟာက တိုင်းရင်းသားတွေအတွက်ဖြစ်ပါတယ်။ တိုင်းရင်းသားတွေအတွက်ဖြစ်တဲ့နေရာမှာ ဒီ Budget Traveler တွေက သူတို့အစီအစဉ်နဲ့သူတို့ Online Booking ကနေပြီးတော့မှ ဒီလုပ်ငန်းရှင်တွေနဲ့ သူတို့ Booking တင်ပြီးတော့ လာရောက်တည်းခိုခြင်းဖြစ်ပါတယ်။ အဲဒီလိုမျိုးတည်းခိုနေတာကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးတစ်ယောက်အနေနဲ့ သိရှိရတဲ့အခါမှာ ဒီတည်းခိုတဲ့ လူတွေရဲ့ ဧည့်စာရင်းပို့ခြင်းမှန်ကန်မှုရှိ/မရှိ၊ ဒီတည်းခိုတဲ့ဧည့်သည်တွေဆီက နေပြီးတော့မှရရှိတဲ့

ငွေပေါ်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရက အခွန်ငွေကောက်ခံရရှိခြင်းရှိ/မရှိကို စုံစမ်းလိုက်တဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ဒီကိစ္စနှင့်ပတ်သက်လို့ သူတို့အခွန်ငွေရရှိခြင်းမရှိပါဘူး။ သူတို့ဒီကိစ္စကိုလည်း ဂယနဏမသိပါဘူးလို့ပြောတဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီတိုင်းရင်းသားတည်းခိုရိပ်သာဖြစ်ရမယ့် ဒီတည်းခိုခန်းတွေမှာ ကွဲပြားသွားအောင် တိုင်းရင်းသားတွေတည်းခိုဖို့ဖြစ်တဲ့အတွက် မြန်မာစာနဲ့ပဲ တည်းခိုခန်းရဲ့နာမည်ကိုရေးပါ။ နိုင်ငံခြားသားတွေတည်းခိုမှုမရှိစေရန်၊ မသိစေရန်အတွက် ဒီနာမည်တွေကို အင်္ဂလိပ်စာနဲ့မရေးပါနဲ့ဆိုပြီးတော့မှ ကျွန်တော့်အနေနဲ့ ကန့်သတ်ခဲ့ရခြင်းဖြစ်ပါတယ်။ အဲဒီလို ကန့်သတ်လိုက်ရတဲ့အတွက် ဘာအကျိုးကျေးဇူးထွက်လာလဲဆိုတော့ အဲဒီအခု Budget Traveler တွေ တည်းနေတဲ့တည်းခိုခန်းတွေဟာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာမှာလာပြီးတော့မှ သူတို့လျှောက်လွှာလာတင်ပါတယ်။ အခုဆိုရင် ၄၂ လုံးရှိနေပါပြီ။ အဲဒီတော့ ၄၂ က Running Order မှာရှိနေပြီးတော့မှ ခွင့်ပြုချက်ပေးထားတာတော့ မဟုတ်သေးပါဘူး။ နားလည်မှုနဲ့ပဲ လုပ်နေတာဖြစ်ပါတယ်။ နောက်ထပ်လည်း စည်ပင်သာယာမှာ ၂၂ လုံး လျှောက်ထားဆဲဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်ပြီးခဲ့တဲ့အပတ်ကပဲ ရန်ကုန်တိုင်းအစိုးရနဲ့ ဟိုတယ်ဝန်ကြီးနဲ့ မြို့တော်ဝန်နဲ့ပူးပေါင်းပြီးတော့မှ ကျွန်တော်ဒီတည်းခိုခန်းတွေကိုသွားပြီးတော့မှ လေ့လာဆန်းစစ်ခဲ့ပါတယ်။ အဲဒီတော့ ဆန်းစစ်ခဲ့တဲ့အခါမှာ (တ)လိုင်စင်ပေးထားတဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကသတ်မှတ်ထားတဲ့ စံချိန်စံနှုန်းနဲ့ဘယ်လိုမှမကိုက်ညီပါဘူး။ ကျွန်တော်တို့ရဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရဲ့စံနှုန်းက တည်းခိုရိပ်သာအတွက် အိပ်ခန်းအကျယ်အဝန်းဟာ တစ်ယောက်အိပ်ခန်း အလျား ၁၀ ပေ x အနံ ၁၀ ပေ x အမြင့် ၉ ပေ နှစ်ယောက်အိပ်ခန်းအတွက် အလျား ၁၂ ပေ x အနံ ၁၀ ပေ x အမြင့် ၉ ပေ အိပ်ခန်းနှင့်တွဲလျက်ပါရှိရမယ့် ရေချိုးခန်းနှင့်အိမ်သာဟာ အလျား ၆ ပေ x အနံ ၆ ပေ x အမြင့် ၉ ပေ ဒါမှမဟုတ် အလျား ၇ ပေ x အနံ ၅ ပေ x အမြင့် ၉ ပေရှိဖို့လိုပါတယ်။ အခုဟာက သူတို့က Common Bed Basic နဲ့ဖြစ်ပါတယ်။

နောက်ပြီးတော့မှ Power Point နဲ့ပြဖို့လုပ်ပါဦး။ အဲဒီတော့ အခန်းတွေပြပေးပါဦး။ ဒါ ကျွန်တော်တို့ ဟိုတယ်ရဲ့အပြင်အဆင်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ရန်ကုန်မှာစစ်ဆေးထားတဲ့ပုံတွေ မပါဘူးခင်ဗျား။ အဲဒီတော့ ဘယ်လိုပဲပြောပြောပါ။ ရန်ကုန်မှာသွားစစ်ဆေးတဲ့အခါမှာ သူတို့ရဲ့အိပ်ခန်းတွေက စုပေါင်းအိပ်ပြီးတော့မှ အခန်းတစ်ခန်းထဲမှာ နှစ်ထပ်ခုတင်နဲ့ ခြောက်ယောက်အိပ်တာလည်းရှိတယ်၊ ရှစ်ယောက်အိပ်တာလည်းရှိတယ်။ Ventilation လည်းမကောင်းဘူး။ Air-con ဖွင့်ထားတယ်ဆိုပေမယ်လို့ Ventilation မကောင်းတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီဥစ္စာကတော့ ပြုပြင်ခိုင်းဖို့

လိုပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် တိုင်ပင်ပြီးတော့မှ ဒီအခန်းတွေကို ပြန်တိုင်းထွာပြီးတော့မှ ဘယ်လိုဘယ်ပုံနှင့် ဒီကိစ္စကိုခွင့်ပြုပေးရမလဲဆိုတာ ကျွန်တော်တို့စဉ်းစားဆောင်ရွက်နေပါတယ်။ ဟုတ်ပါတယ်။ ကမ္ဘာတစ်လွှားမှာ Home Stay ဆိုတာလည်းရှိတယ်။ နောက်ပြီးတော့မှ Bed and Breakfast ဆိုတာလည်းရှိတယ်။ အဲဒီတော့ Bed and Breakfast နှင့် Home Stay ကအခုမှ ကျွန်တော်တို့မြန်မာပြည်ထဲကို ထင်ထင်ရှားရှားဝင်လာတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုမှဒီကိစ္စကို စတင်ကိုင်တွယ်ရခြင်းဖြစ်ပါတယ်။

အဲဒီတော့ ဒီဟိုတယ်နှင့်တည်းခိုခန်းလိုင်စင်ထုတ်ပေးတဲ့ ဝန်ကြီးဌာနရှိပါလျက်နဲ့ ဘာဖြစ်လို့ ဒီနောက်ထပ်မြန်မာတည်းခိုခန်းကို နိုင်ငံခြားသားတွေတည်းပါလျက်နဲ့ ဘာလို့ခွင့်မပြုပေးရသလဲဆိုတဲ့ ဥစ္စာက စံချိန်စံညွှန်းနဲ့ညီဖို့ လိုတယ်။ နောက်တစ်ခုကလည်း ဧည့်စာရင်းတိုင်ဖို့လိုတယ်။ နောက်တစ်ခုကလည်း ကျန်းမာရေးရှုထောင့်ကလည်း သူတို့စွန့်ပစ်တဲ့ရေတွေ၊ ဘာတွေကအစ ကျွန်တော်တို့ ထိန်းသိမ်းဖို့လိုပါတယ်။ နောက်ပြီးတော့မှ မီးဘေးအန္တရာယ်ကိစ္စလည်း ကျွန်တော်တို့က ဒီပုံပေါ်ပြီ။ ဒါသူတို့အခုလက်ရှိတည်းနေတဲ့ Budget တည်းခိုခန်းပါ။ အဲဒီတော့ အဲဒီလိုမျိုးနှစ်ထပ်ခုတင်နဲ့တံခါးလည်းမရှိပါဘူး။ ဒီလိုပဲ ကန့်လန့်ကာနဲ့ပိတ်ထားပါတယ်။ အဲဒီတော့ တစ်ယောက်က ဟောက်ရင် နောက်တစ်ယောက်က ပြဿနာဖြစ်ပြီ။ ပြဿနာဖြစ်တော့ ထထိုးကြရော။ အဲဒီလိုမျိုးတွေလည်း ရှိပါတယ်။ နောက်ပြီးတော့မှ တစ်ယောက်ပစ္စည်းကို တစ်ယောက်တစ်လည်းခိုးပါတယ်။ ခိုးလို့ ရဲကို တိုင်လိုက်တဲ့တည်းခိုခန်းလည်းရှိပါတယ်ခင်ဗျား။ အဲဒီတော့ ဒီလိုမျိုးဟာက ကျွန်တော်တို့နိုင်ငံရဲ့ Image ကို ပျက်စီးစေပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကျစေပါတယ်။ အဲတော့ အနည်းဆုံးတော့ အခန်းပီပီပြင်ပြင်ဖြစ်ဖို့တော့ကောင်းပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ ပြန်တိုင်ပင်ပြီးတော့မှ သေသေချာချာဒီကိစ္စကို ခွင့်လည်းခွင့်ပြုရမှာပါ။ ဒီ Market ကစရှိနေပါတယ်။ ဒီလုပ်ငန်းရှင်တွေနဲ့ ဘယ်လိုညှိနှိုင်းပြီးတော့မှ ဘယ်လိုလုပ်ပေးရမလဲဆိုတာ ကျွန်တော်တို့အစည်းအဝေးခေါ်ဖို့အတွက် စီစဉ်ထားရှိကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ ဒီ့ပြင် မေးစရာရှိရင်ပြန်မေးပါ။ ရပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ အခုလိုပြည့်ပြည့်စုံစုံဖြေကြားပေးသွားတဲ့ ပြည်ထောင်စုဝန်ကြီးကို အထူးပဲကျေးဇူးတင်ရှိ

ပါတယ်။ ဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဆိုတဲ့ဟာတော့တော်တော်တော့ ထပ်ခါထပ်ခါပါပေမယ်လို့ တကယ်တော့ဒီညွှန်ကြားချက်ဟာ ကျွန်တော့်ရဲ့ Power Point ထဲမှာ ပါပါတယ်။ တောင်ကြီးကိုလည်း ညွှန်ကြားချက်ထုတ်တာရှိတယ်။ ဇလွန်ကိုလည်းညွှန်ကြားချက်ထုတ်တာရှိတယ်။ အဲဒါကြောင့်မို့ မြန်မာနိုင်ငံတစ်ဝန်းလုံးဆိုတဲ့ဟာကို ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်အဓိကမေးမြန်းချင်တာကတော့ Focal Ministry ဒီဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကြီးရှိနေလျက်နဲ့ အခြားသောမြို့တော်ရဲ့ စည်ပင်သာယာရေးတွေကို လုပ်ငန်းလိုင်စင်ချပေးလိုက်တဲ့အတွက်ကြောင့်မို့လို့ အခုဒီနေ့ ကျွန်တော်တို့ ဒီပြဿနာတွေတွေ့ကြုံနေရတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒီဟာကိုသာ ဝန်ကြီးဌာနအနေနဲ့သာ သီးသန့်ကိုင်တွယ်ပြီးတော့ဆောင်ရွက်မယ်ဆိုရင် ဘယ်ဟာတွေကတော့ ဘယ်အဆင့်အတန်းရှိရမယ် ဒီလိုပုံစံမျိုးသာ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်မယ်ဆိုရင် အခုကျွန်တော်တို့ ကြုံတွေ့နေရတဲ့အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားသွားနိုင်မယ်လို့ယူဆတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်ဒီမေးခွန်းကို မေးရခြင်းမှာ ဒါကြောင့်မို့လို့ ကျွန်တော်ဆိုလိုချင်တာက အခုရှိနေတဲ့လုပ်ငန်းငယ်လေးတွေကို ပိတ်သိမ်းပြစ်ဖို့မဟုတ်ပါဘူး။ မြို့တော်စည်ပင်သာယာရေးကော်မတီတွေကနေပြီးတော့မှ ချထားပေးသော လုပ်ငန်းလိုင်စင်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနကနေမှတစ်ဆင့် အဆင့်အလိုက်လွှဲပြောင်းရယူသွားပြီးတော့မှ ဝန်ကြီးဌာနကသာလျှင်တာဝန်ယူလုပ်ကိုင်ဆောင်ရွက်ဖို့ အစီအစဉ်ရှိ/မရှိဆိုတဲ့ကိစ္စရပ်ကို ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းခွင့်ပြုပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကို ဒီတိုင်းရင်းသားတည်းခိုတဲ့ တည်းခိုခန်းပိုင်ရှင်တွေက နိုင်ငံခြားသားတွေကို တည်းခိုခွင့်ပြုစေလိုပါတယ်ဆိုပြီးတော့ လျှောက်ထားလာရင်ကျွန်တော်တို့က သူတို့ကို အကြံညာဏ်ပေးပါတယ်။ အဆင့်မြင့်စေပါတယ်။ အဆင့်မြင့်လိုက်လို့ရှိရင်ကျွန်တော်တို့အနေနဲ့လိုင်စင် ဒီ(တ)လိုင်စင်ကိုပဲ နိုင်ငံခြားသားတည်းခိုခွင့် ခွင့်ပြုထားတာရှိပါတယ်။ ဒီနှစ်ထဲမှာတင်ပဲ ကျွန်တော်တို့ ၁၄ လုံးခွင့်ပြုပြီးပါပြီ။ နောက်ထပ် အဲဒီလိုမျိုး လျှောက်လာမယ်ဆိုရင်လည်း ခွင့်ပြုဖို့အဆင်သင့်ရှိပါတယ်။ အဲဒီတော့ ဒီကိစ္စဟာ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးတင်ဖြစ်နေတာမဟုတ်ပါဘူး။ ပုဂံမှာလည်းရှိပါတယ်။ ပုဂံမှာလည်းဖြစ်နေပါတယ်။ ငါးဒေါ်လာနှုန်းနှင့်ဖျာတစ်ချပ်နှင့်ခေါင်းအုံး တစ်လုံးလုပ်နေတာလည်းကျွန်တော်တို့ စုံစမ်းသိရှိရပါတယ်။ အဲဒီတော့ အဲဒီ

ကိစ္စကိုလည်း တစ်တိုင်းတစ်ပြည်လုံးတစ်ပြေးညီဖြစ်အောင် ဆက်လက်ပြီးတော့မှ ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၅ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲဒေသအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲရေဆင်းဧရိယာအတွင်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တောကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးမြင့်ဦးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲဒေသကို သဘာဝ ဘေးမဲ့တောအဖြစ် ပြန်လည်သတ်မှတ်ပေးဖို့လို့ အဆိုတင်သွင်းသွားမှာပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးမြို့ ကန်တော်ကြီးကို ပဲခူးမြို့နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရန်အတွက်ကို ၁၉၂၄ ခုနှစ်မှာ စတင်ပြီးတော့ တည်ထောင်ခဲ့တာ ကန်ရဲ့သက်တမ်းဟာ နှစ်ပေါင်း ၉၀ ကျော် ကြာမြင့် ခဲ့ပြီးဖြစ်ပါတယ်။ တစ်ရက်ကို ရေဂါလန် တစ်သန်းခန့်ထိ ဖြန့်ဝေပေးခဲ့ကြောင်းလည်း သိရပါတယ်။ ကန်တော်ကြီးရဲ့ ရေဝေရေလဲဒေသမှာ ဧက ၁၃၈၀ ရှိတဲ့အနက်က ဧက ၇၃၀ ကို ၂၀၁၁ ခုနှစ်မှာ ပုဂ္ဂိုလ်ငါးဦးတို့က အမည်ပေါက်ရယူပြီးတော့ ရေဝေရေလဲဒေသရှိ သဘာဝသစ်တောများကို အပြောင်ခုတ်ထွင်ရှင်းလင်းကာ ရာဘာစိုက်ခင်းများ ထူထောင်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တာကြောင့် ကန်တော်ကြီးရေလှောင်ကန်ပတ်လည်မှာရှိတဲ့ သစ်တောများနှင့် မြေဆီ လွှာများပျက်စီးပြီးတော့ ရေလှောင်ကန်အတွင်းသို့ မြေစာအနယ်အနှစ်များ၊ စွန့်ပစ်ပစ္စည်းများ၊ ပိုးသတ် ဆေးများ၊ ပေါင်းသတ်ဆေးများနှင့် ဓာတ်မြေသြဇာအကြွင်းအကျန်များစီးဝင်ကာ ကန်ရဲ့ရေအရည် အသွေးကျဆင်းလာပြီးတော့ ဓာတ်ခွဲစမ်းသပ်ချက်များအရ သောက်သုံးရန်မသင့်ကြောင်း ပြည်သူ များရဲ့ ကျန်းမာရေးအတွက် ရေရှည်မှာ စိုးရိမ်စရာဖြစ်လာနေကြောင်း သိရှိရပါတယ်။ ကန်တော်ကြီး ရေဝေရေလဲသဘာဝသစ်တောကို အပြောင်ခုတ်ထွင်ရှင်းလင်းလို့ ရာဘာခင်းများပြုလုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေနဲ့ ရေရှည်အရည်အသွေး ရေထုညစ်ညမ်းမှုတွေကတော့ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

ရာဘာစိုက်ခင်းများထူထောင်ရန်အတွက် မူလသဘာဝပေါက်ရောက်နေတဲ့ သစ်တောသစ်ပင် များကို အပြောင်ခုတ်ထွင်ရှင်းလင်းလိုက်တဲ့အတွက် သဘာဝသစ်တောသယံဇာတများ ပြုန်းတီးပျက်စီး သွားခြင်း၊ သဘာဝသစ်တောအတွင်း မှီတင်းနေထိုင်ကြတဲ့ သဘာဝတောရိုင်းတိရစ္ဆာန်နဲ့ အပင်မျိုးစေ့ များပျက်စီးပျောက်ကွယ်ခြင်း၊ မူလသဘာဝမြေရိုင်းများအား စိုက်ပျိုးမြေအဖြစ် ထွန်းယက်လုပ်ကိုင်ရ သဖြင့် မြေဆီလွှာပျက်စီးဆုံးရှုံးရခြင်း၊ မြေမှုန့်မြေအနှစ်များ မိုးရေနှင့်အတူစီးဝင်၍ ရေကန်အတွင်း ဝင်ဆံ့နိုင်မှု ရေအားလျော့နည်းသွားခြင်း၊ ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ၊ မြက်သတ်ဆေးများနှင့် ရာဘာဆေးခြစ်ရာတွင် အသုံးပြုသည့် ဆာလ်ဖြူရစ်အက်ဆစ် သို့မဟုတ်

ဖော်မစ်အက်ဆစ်များ စတဲ့ ဓာတုဗေဒဆေးဝါးဓာတ်ကြွင်းများ မြေဆီလွှာအတွင်းမှာ စီးဝင်ခြင်း၊ ရာဘာပင်များ ရှင်သန်ကြီးထွားရေးအတွက် ယူရီယား၊ ပိုတက်နှင့် တီစူပါစတဲ့ ဓာတ်မြေဩဇာများကို တစ်နှစ်ကို တင်း ၁၀၀ ခန့်အထိ သုံးစွဲနေရခြင်း၊ ကန်တော်ကြီးရေရဲ့ ရေဆင်းဧရိယာ ရေဝေရေလဲ သစ်တောများ ပျက်စီးသွားတဲ့အတွက် သဘာဝအရ မြေအောက်ရေသိုလှောင်ထိန်းသိမ်းနိုင်မှုစွမ်းအား လျော့နည်းကျဆင်းသွားခြင်း၊ ကန်တော်ကြီးပတ်လည် ရာဘာစိုက်ခင်းများရှိ အလုပ်သမားများရဲ့ နေအိမ်များ၊ တဲများ လေကြောင်းရန်ကာကွယ်ရေး ဘားတိုက်များ၊ အိမ်သာများနှင့် အလုပ်သမားရဲ့ အညစ်အကြေးများကြောင့် ကန်အတွင်း စီးဝင်ကျရောက်ခြင်း၊ အချို့သောလုပ်ငန်းများဟာ စိုက်ခင်း ရေပေးဝေရန်အတွက် ရေအားလျှပ်စစ်ထုတ်ယူရန် ကန်တော်ကြီး ရေကန်အတွင်းကို စီးဝင်နေတဲ့ ချောင်းလက်တက်များကို ပိတ်ထားသဖြင့် ရေစီးဝင်မှု ရေထုပမာဏ လျော့နည်းသွားခြင်းနှင့် ချောင်းလက်တက်များရဲ့ ရေစီးကြောင်းများ ပြောင်းလဲသွားခြင်း၊ ရာဘာပင်များဟာ အပင်ကြီးမျိုး မဟုတ်ပဲ ခြောက်နှစ်မှ ၁၅ နှစ် သက်တမ်းအထိသာ အစေးခြစ်ယူနိုင်တဲ့အတွက် သဘာဝ သစ်တောများကဲ့သို့ ထာဝရသစ်တောများ မဟုတ်ခြင်း၊ ပဲခူးမြို့လူထုဟာ မြေအောက်အဝီစိ တွင်းကိုသာ အဓိကထားအသုံးပြုနေရတဲ့အတွက် မြေအောက်ရေမှာလည်း အကန့်အသတ်ရှိပြီးတော့ မလိုလားအပ်တဲ့ နောက်ဆက်တွဲဆိုးကျိုးများလည်း ရှိလာနိုင်ခြင်း၊ အချို့နှစ်များမှာ မိုးရေချိန်များ ပြီးတော့ မိုးအလွန်ကြီးသဖြင့် ရာဘာစိုက်ခင်းများအတွက် ချောင်းလက်တက်များကို ပိတ်လှောင် ထားတဲ့ တမံငယ်များ ကျိုးပျက်ကုန်သဖြင့် စွန့်ပစ်အညစ်အကြေးများ၊ အမှိုက်သရိုက်များနှင့် မြေစာနုန်းအနည်အနှစ်များဟာ ကန်တော်ကြီးရေလှောင်အတွင်းကို အရှိန်အဟုန်နဲ့ အတားအဆီးမဲ့ စီးဝင်ခြင်းကြောင့် ကူးစက်ရောဂါပိုးမွှားများနှင့်အတူ ကန်တော်ကြီး ရေလှောင်ကန်အတွင်း နုန်းအနည် အနှစ်ပို့ချမှုများပြားလာခြင်း၊ ရေအရည်အသွေးကျဆင်းခြင်းနှင့်အတူ ရေသိုလှောင်နိုင်မှု ပမာဏ လျော့ကျသွားခြင်း၊ ရေထုညစ်ညမ်းမှုကြောင့် ကန်တော်ကြီး ရေလှောင်ကန်အတွင်း ရှင်သန်ပေါက်ဖွား နေတဲ့ သဘာဝငါးမျိုးစေ့များနှင့် ရေနေသတ္တဝါများကို ထိခိုက်ပျက်စီးစေခြင်း၊ မြေအောက်ရေလွှာ ထုတ်ယူမှုများပြားခြင်းနှင့် နွေရာသီတွင် စိမ့်စမ်းများခန်းခြောက်ပြီးတော့ ရေရှားပါးခြင်းများဖြစ်စေ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ သစ်တောများပြုန်းတီးခြင်း သဘာဝသယံဇာတများကို အတိုင်းအဆမဲ့ထုတ်ယူခြင်းများကြောင့် သဘာဝဂေဟစနစ်များ ပျက်ယွင်းကာ ရာသီဥတုပြောင်းလဲမှု ဖြစ်၍ မိုးများသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်း၊ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်

မားခြင်း၊ အပူရှိန်မြင့်မားခြင်း၊ သောက်သုံးရေရှားပါးပြတ်လပ်မှုများဖြစ်ခြင်း စတဲ့ သဘာဝဘေး ဒဏ်သင့် ခံစားရမှုများ ရင်ဆိုင်နေကြရပါတယ်။ ပဲခူးမြို့ ကန်တော်ကြီးမှာ တစ်မြို့လုံး၏ သောက်သုံးရေဖြန့်ဝေရာ အရင်းအမြစ်ဖြစ်ပြီး သောက်သုံးရေအတွက် အားကိုးရာလည်းဖြစ်ခဲ့ပါတယ်။ ယခုအခါ ရာဘာစိုက်ခင်းများလုပ်ကိုင်ခြင်းကြောင့် ရေအရည်အသွေးကျဆင်းပြီးတော့ သောက်သုံးရန် အန္တရာယ်ရှိတဲ့အဆင့်ကို ရောက်ရှိလာတဲ့အတွက် မြို့လူထုမှာ အလွန်စိုးရိမ်သောကရောက်ကြ၍ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ စာဖြင့်တိုင်ကြားခဲ့ကြပါတယ်။ ယင်းသို့တိုင်ကြားချက်များအရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများနှင့် လက်ရှိ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ကပါ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များဖွဲ့ပြီးတော့ စုံစမ်းစစ်ဆေးခဲ့ပါတယ်။ ဓာတ်ခွဲ စမ်းသပ်ခြင်းပြုခဲ့တဲ့အခါမှာ သောက်သုံးရန်မသင့်ကြောင်းနှင့် ရေဝေရေလဲဒေသအား သဘာဝ သစ်တောကန့်သတ်ဇုန်အဖြစ်သာ ထားရှိသင့်ကြောင်း အကြံပြုခဲ့ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးမြို့လူထုတစ်ရပ်လုံးဟာ ကန်တော်ကြီးရေ ပျက်စီး ညစ်ညမ်းတာကို အတော်ရင်ထုမနာဖြစ်ရပါတယ်။ ပဲခူးရိုးမက စိမ့်ထွက်လာတဲ့ ရေချိုရေသန့်တွေကို ကန်တော်ကြီးမှာ လှောင်ပြီးတော့ ပိုက်ကြီးများနှင့်သွယ်တန်းကာ အိမ်တိုင်ရာရောက်ဖြန့်ဝေပေးခဲ့တဲ့ စနစ်ဖြစ်ပါတယ်။ ဘိုးဘွားအစဉ်အဆက်သုံးစွဲလာခဲ့ကြတာ အခုကျမှ ရာဘာစိုက်ခင်းတွေကြောင့် ပျက်စီးသွားရတာဖြစ်ပါတယ်။ အိမ်တွေမှာ ရေဘုံဘိုင်ခေါင်းတွေရှိရက်နဲ့ အဝီစိတွင်းတွေ ပေ ၃၀၀၊ ၄၀၀ တူးမှရေထွက်ပါတယ်။ မြေအောက်ရေတွေကလည်း တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ နက်လာ တယ်။ ဝေးလာတယ်။ ဘာဓာတ်တွေပါမှန်းလည်းမသိ သောက်သုံးဖို့စိတ်မချရ။ ရာသီဥတုတွေ ကလည်း တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ ဆိုးရွားလာတယ်။ သောက်သုံးရေရှားပါးပြတ်လပ်မှုတွေ ကလည်း တစ်နှစ်တစ်နှစ် ပိုဆိုးရွားလာပါတယ်။ ကိုယ်အာဏာရှိစဉ်မှာ ကိုယ်ကျိုးအတွက် အများကျိုး စီးပွားကို လျစ်လျူရှုဆောင်ရွက်နိုင်တာဟာ အတော်ဆိုးရွားတဲ့ ကျင့်ဝတ်ဖောက်ဖျက်မှုပဲဖြစ်ပါတယ်။ ဥပဒေများကို လက်တစ်လုံးခြားပြုပြီးတော့ လူသားအကျိုးယုတ်စေအောင်ထိ ဆောင်ရွက်တာဟာ လူသားစိတ်ဓာတ်အရ သင့်/မသင့် စဉ်းစားသင့်ကြောင်းပါခင်ဗျား။

သို့ပါ၍ ပဲခူးမြို့ ကန်တော်ကြီး ရေဝေရေလဲဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန် နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲရေဆင်း ဧရိယာအတွင်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တော ကန့်သတ်

နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား လေးလေးနက်နက်တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ဦး တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ရွှေပုံ(ပဲခူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးတင်သွင်းတဲ့ အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ကန်တော်ကြီးရေကို ကျွန်မတို့ရဲ့ ပဲခူးမြို့သူမြို့သားများက အဓိက သောက်သုံးရေဖြင့် သုံးစွဲလာခဲ့သည်မှာ ၁၉၂၄ ခုနှစ်ကတည်းကဖြစ်ပါတယ်။ ကန်တော်ကြီးရေလှောင် ကန်ရဲ့ ရေဝေရေလဲဧရိယာနဲ့ သဘာဝပတ်ဝန်းကျင်ဇီဝမျိုးများ ထိန်းသိမ်းကာကွယ်ရန်အတွက် သစ်တောရေးရာဝန်ကြီးဌာနက ၁၉၉၇ ခုနှစ်မှာ အမိန့်ကြော်ငြာစာအမှတ် (၆၃/၁၉၉၇)ဖြင့် ဧရိယာ အကျယ်အဝန်း ၁၄၅၀ ဧကကို ကန်တော်ကြီးရေဝေရေလဲကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ပေးခဲ့ ပါတယ်။ ဒါပေမဲ့ ၂၂-၅-၂၀၁၂ ခုနှစ် ရက်စွဲဖြင့် သစ်တောဦးစီးရုံးချုပ် နေပြည်တော်၏ စာအမှတ် (စီမံကိန်း/စ-၁၉(ဂ)ဖြင့် လုပ်ငန်းရှင်ငါးဦးအား ပုဂ္ဂလိကရာဘာစိုက်ခင်း ၇၃၀ ဧက တည်ထောင်ခွင့် ပြုခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှစပြီး ရေဝေရေလဲသစ်တောနှင့် ကန်စိုက်ရေကာတောများပါမကျန် သစ်ပင် များကိုအပြောင်ခုတ်ပြီး ရာဘာစိုက်ခင်းများစိုက်ခြင်း၊ ကိုယ်ပိုင်ခြံများပြုလုပ်ခြင်း၊ ရေကန်အစပ်အထိ စိုက်ထားသော ရာဘာစိုက်ခင်းများတွင် သုံးသည့်ဓာတုဓာတ်မြေသြဇာများနှင့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ကန်တော်ကြီးအတွင်းသို့ဝင်ရောက်ခြင်း၊ ကန်စပ်တွင်နေထိုင်သည့် ခြံလုပ်သား များ၏နေအိမ်များမှ အညစ်အကြေးများဝင်ရောက်ခြင်းတို့ကြောင့် ကန်ရေမှာသောက်သုံးရန်မသင့် သည့် အန္တရာယ်ရှိအဆင့်သို့ရောက်ရှိခဲ့ပါတယ်။ ပဲခူးမြို့ကန်တော်ကြီးကနေ မြို့လူထုအတွက်ပေးနေခဲ့ တဲ့ သောက်သုံးရေဟာ သန့်စင်မှုမရှိတော့တဲ့အတွက် အခုဆိုရင် ပြည်သူလူထုအားလုံးက မြေအောက် ရေကိုအားကိုးရာအဖြစ် အသုံးပြုနေကြရပါတယ်။ ပေ ၃၀၀ ကျော်နက်တဲ့အဝီစိတွင်းများကို

များပြားစွာ တူးဖော်ပြီးအသုံးပြုလျက်ရှိပါတယ်။ မြေအောက်ရေဆိုတာ အကန့်အသတ်ရှိပါတယ်။ အတိုင်းအဆမရှိ ထုတ်ယူသုံးစွဲရင် အနာဂတ်မှာသဘာဝပတ်ဝန်းကျင်ကို ပြင်းပြင်းထန်ထန်ထိခိုက်စေနိုင်ပါတယ်။ ပဲခူးမြို့လို ပင်လယ်နှင့်မဝေးလှတဲ့နေရာမှာ အခုလို ထုတ်ယူသုံးစွဲရတာဟာ တစ်ချိန်မှာ ဆားငန်ရေများဝင်လာပြီး မြေအောက်ရေလွှာတွေ ပျက်စီးနိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ရေဝေရေလဲဒေသများရှိ သစ်တောနှင့်သစ်ပင်တွေဟာ မြစ်ချောင်း၊ အင်းအိုင်နှင့် ရေကန်များအတွက် ရေသယံဇာတအရင်းအမြစ်ရရှိရေးဟာ အရေးကြီးတဲ့အခန်းကပါဝင်လျက်ရှိပါတယ်။ သစ်တောများဟာ ကုန်းတွင်းပိုင်းဒေသများမှ စီးဆင်းလာတဲ့အညစ်အကြေးများကို မြစ်ချောင်း၊ အင်းအိုင်များနှင့် မြေအောက်ရေတို့အတွင်းသို့ စီးဝင်ခြင်းကိုမပြုစေနိုင်ရန် ကာကွယ်ပေးတဲ့အတွက် သန့်ရှင်းစင်ကြယ်တဲ့ ရေချို၊ ရေသန့်ကို ထောက်ပံ့ပေးနိုင်တဲ့အပြင် ရေအရည်အသွေးကိုလည်း ထိန်းညှိပေးပါတယ်။ ရေဝေရေလဲဒေသများရဲ့ အကောင်းဆုံးအခြေအနေဟာ သဘာဝတောများဖုံးလွှမ်းလျက်ရှိတဲ့ ပကတိအနေအထားပဲဖြစ်ပါတယ်။ ကုန်းမြင့်ဒေသနှင့်တောင်တန်းများရဲ့ ရေဝေရေလဲဒေသ သစ်တောများဟာ ကမ္ဘာ့ရေချိုသယံဇာတ ၇၀ ရာခိုင်နှုန်းခန့်ကို ထောက်ပံ့ပေးလျက်ရှိပါတယ်။ နိုင်ငံတကာတွင် ရေဝေရေလဲဒေသများထိန်းသိမ်းရန်အတွက် မူဝါဒ ၁၀ ချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိပါတယ်။ လူတို့၏ ပယောဂကြောင့် ရေဝေရေလဲဒေသ သစ်တောများမှာ ပြဿနာများနှင့်ရင်ဆိုင်နေရပါတယ်။ ယခုလို ရေဝေရေလဲဒေသရှိ သဘာဝသစ်တောများကို အကာအကွယ်ပေးခြင်းမရှိဘဲ လုပ်ငန်းရှင်များအား ရာဘာစိုက်ခင်းများလုပ်ပိုင်ခွင့် ပေးလိုက်ခြင်းအားဖြင့် ပဲခူးမြို့သူမြို့သားများ သောက်သုံးနေသည့် ကန်တော်ကြီးရေမှာ သောက်သုံးရန်မသင့်သည့် အန္တရာယ်ရှိအဆင့်သို့ရောက်ရှိနေသည့်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပဲခူးမြို့သို့ရောက်ရှိစဉ် ပဲခူးမြို့နေပြည်သူလူထုမှ တင်ပြခဲ့ပါတယ်။ ထိုကဲ့သို့ တင်ပြချက်များအရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များ၏ အကြံပြုချက်များနှင့်အတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းအဆင့်ဌာနဆိုင်ရာအရာရှိများကို အဖွဲ့ဖွဲ့၍ ကွင်းဆင်းစုံစမ်းစစ်ဆေးစေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်ရှင်။ ဒါကတော့ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကန်တော်ကြီး၏ရေနမူနာကို ဓာတ်ခွဲစစ်ဆေးရာတွင် ဘွန်းကပ်ရောဂါဖြစ်စေသော ကိုလီဖွန်းနှင့် အစကလေရှာပိုလိုက်ရောဂါပိုးမွှားများကို တွေ့ရှိရ၍ အဆိုပါရေအား သောက်သုံးရန်မသင့်ကြောင်း ပြန်ကြားလာခြင်းဖြစ်ပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေးဦးစီးဌာန၏တင်ပြချက်တွင်လည်း ရာဘာပင်များအတွက် အသုံးပြုသော မှိုသတ်ဆေး၊ ပေါင်းသတ်

**မူကြမ်း**

ဆေးနှင့် ဓာတ်မြေသြဇာများ ဆင်ခြေလျှောကုန်းစောင်းများမှတစ်ဆင့် ရေစီးကြောင်းများနှင့်အတူ ကန်အတွင်းသို့ဝင်ရောက်ပြီး သောက်သုံးရန်အတွက် ကျန်းမာရေးထိခိုက်နိုင်ကြောင်း ရော်ဘာများ အစေးခြစ်ပြီး ရာဘာများထုတ်လုပ်မှုတွင် အသုံးပြုသော Sulphuric Acid သို့မဟုတ် Folic Acid များ သောက်သုံးရေကန်အတွင်းသို့ ဝင်ရောက်ခြင်းဖြင့် ရေညစ်ညမ်းမှုကိုဖြစ်စေနိုင်ကြောင်း ကန်တော်ကြီးရေကို ရေကောင်းရေသန့်အဖြစ် မြို့လူထုကိုဖြန့်ဝေနိုင်မယ်ဆိုရင် စက်ရေတွင်းတူးခြင်း များလျှော့နည်းပြီး မြေအောက်ရေဆုံးရှုံးမှုများနည်းသွားမည်ဖြစ်၍ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းရာရောက်ကြောင်း တင်ပြလာပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေလှောင်ကန်၏ ရေဝေရေလဲ များအား ကန့်သတ်နယ်မြေ၊ တားမြစ်ဧရိယာအဖြစ် သတ်မှတ်ရန်နှင့် ကန့်သတ်ဧရိယာအတွင်း မည်သည့်ပုဂ္ဂလိကပိုင်ဆိုင်မှုမှ မထားရှိရန် တင်ပြလာပါတယ်။ ဒါ့အပြင် ကန်တော်ကြီး ရေဝေရေလဲ ဧရိယာအတွင်း ကန်ဧရိယာနှင့်ထိစပ်လျက်ရှိသော သဘာဝသစ်တောများအား သစ်တော၊ သစ်ပင်များပိုမိုဖြစ်ထွန်းလာစေရန်ဆက်လက်ထိန်းသိမ်းခြင်း၊ လိုအပ်ပါက ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ သဘာဝတောထိန်းခြင်းများဆောင်ရွက်သင့်သည့်အတွက် စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရေဝေရေလဲဧရိယာတစ်ခုလုံးအား သီးသန့်ဇုန်အဖြစ် ထားရှိသင့်ပါကြောင်း ကွင်းဆင်းစစ်ဆေးရေး အဖွဲ့မှ အစီရင်ခံတင်ပြခဲ့ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနကလည်း အဆိုပါ ရေဝေရေလဲဒေသကို စာချုပ်စာတမ်းနှင့်နှစ်ရှည်ငှားရမ်းထားခဲ့တာလို့သိရှိရပါတယ်။ ဒီစာချုပ်တွေဟာ ဥပဒေနှင့်ညီ/မညီ၊ ဥပဒေနှင့်ညီတယ်ဆိုရင်လည်း စာချုပ်ပါအတိုင်းလိုက်နာခဲ့ခြင်းရှိ/မရှိ၊ ရှိခဲ့သည်ဆိုရင်တောင် ယခုလို သောက်သုံးရန်မသင့်လျော်သော ကန်တော်ကြီးရေဝေရေလဲဧရိယာအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ၂၀၁၂ အခန်း(၅) ပုဒ်မ ၉ ပုဒ်မခွဲ(က)အရ ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေ အဖြစ်ကြေညာ၍ ငှားရမ်းထားသော စာချုပ်စာတမ်းအား ရုပ်သိမ်းနိုင်ပါကြောင်း အနုညာတဥပဒေ များနှင့်အညီ အများပြည်သူအကျိုးအတွက် ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်၍ ပဲခူးမြို့ကန်တော်ကြီးရေဝေရေလဲဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထု အန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲရေဆင်းဧရိယာ အတွင်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တောကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းသောအဆိုကို နိုင်ငံတော်နှင့်

နိုင်ငံသားတို့အကျိုးအတွက် ဆွေးနွေးအတည်ပြုအပ်ပါသောကြောင့် လေးနက်စွာထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးမြင့်ဦးတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်ကတင်သွင်းသော ပဲခူးမြို့ကန်တော်ကြီး ရေဝေရေလဲဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲ ရေဆင်းဧရိယာအတွင်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တောကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၅-၁၁-၂၀၁၆ ရက် (သောကြာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ဖြစ်သော (၃-၁၀-၂၀၁၆ ရက်နေ့)တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၅-၁၀-၂၀၁၆ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် ငါးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်(၃၃)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတို့ရှင်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်၊ သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် ဖြစ်ပါတယ်။ ဥပဒေကြမ်း

ကော်မတီ ဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဒီနေ့ လွှတ်တော်အစည်းအဝေးမှာ တင်ပြသွားမှာဖြစ်ပါတယ်ရှင်။ ဒီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၄၃)ရက်မြောက်နေ့ဖြစ်တဲ့ ၃၀-၁၀-၂၀၁၆ ရက်နေ့မှာ လွှတ်တော်သို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၅-၁၀-၂၀၁၆ ရက်နေ့နောက်ဆုံးထားပြီးတော့ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ (က) ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)၊ (ခ) ဒေါက်တာဒေါ်ပြုံး (အင်းတော်မဲဆန္ဒနယ်)၊ (ဂ) ဦးမျိုးဇော်ဦး (လယ်ဝေးမဲဆန္ဒနယ်)၊ (ဃ) ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)၊ (င) ဒုတိယဗိုလ်မှူးကြီးအောင်ဇင်မင်း (တပ်မတော်သားကိုယ်စားလှယ်) တို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၀-၁၁-၂၀၁၆ ရက်နေ့မှာ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်များအနက်မှ အောက်ဖော်ပြပါအချက်(၃၃)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများဆီကို ကြိုတင်ဝေငှထားတဲ့ ကန့်လန့်ဖြတ်ဇယားအရ ဖြစ်ပါတယ်။ အဲဒီကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၁ မှ ၂ အမှတ်စဉ်အားဖြင့် ၁၊ ၂၊ ၃၊ ၅၊ ဥပဒေခေါင်းစီး၊ အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ (ဂ)၊ (ဃ)၊(င)၊ (စ)၊ စာမျက်နှာ ၃ အမှတ်စဉ် ၇ အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)၊ (ဈ)၊ (ည)၊ စာမျက်နှာ ၄ မှ ၆ အမှတ်စဉ် ၉၊ ၁၁ အပိုဒ် ၂ အပိုဒ်ခွဲ(ဋ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ)။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်တဲ့အတွက် စာမျက်နှာ ၃ သို့ပါ၍ ဆက်သွားပေးပါ။

**မူကြမ်း**

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါ။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူလက်ခံခဲ့တဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် (၃၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် (၃၃)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၃၃)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၃၃)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက်(၁၇)ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်(၁၇)ချက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်အချက်(၁၇)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင့်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ ဒီပြင်ဆင်ချက်များနှင့်ပတ်သက်၍ ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပါဝင်ပူးပေါင်း၍ သဘောတူပြီးဖြစ်တဲ့အတွက်ကြောင့် အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ပြင်ဆင်ချက်(၁၇)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၇)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းထားသော ဥပဒေကြမ်းကော်မတီနှင့် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်တို့က ပြင်ဆင်ချက်တစ်ချက်အား ဆွေးနွေးမှာဖြစ်ပါတယ်။ ယခု စတင်ဆောင်ရွက်ပါမယ်။ အပိုဒ် ၅ အပိုဒ်ခွဲ(င)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်ကို ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့် ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်ပြင်ဆင်ချက်(၈)ခု တင်သွင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကပြုလုပ်ခဲ့တဲ့ ဥပဒေကြမ်းကော်မတီအစည်းအဝေးမှာ ပြင်ဆင်ချက်နှစ်ခုကို ကျွန်တော်ရုပ်သိမ်းပေးခဲ့ပြီး ပြင်ဆင်ချက်(၅) ခုကိုတော့ လိုအပ်တဲ့ဖြည့်စွက်မှုတွေနဲ့အတူ ဥပဒေကြမ်းကော်မတီနဲ့ သဘောမျှတဲ့အတွက် ကျွန်တော်တို့ လျှော့ချခဲ့ပါ

တယ်။ အခုတင်ပြမယ့်ပြင်ဆင်ချက်တစ်ခုကသာလျှင် ဥပဒေကြမ်းကော်မတီကလည်း မလိုက်လျောနိုင်၊ ကျွန်တော်ကလည်း မလျှော့နိုင်လို့ လွှတ်တော်အထိရောက်လာတာဖြစ်ပါတယ်။ အဲဒီတော့ ဒီပြင်ဆင်ချက်မှာတော့ ဝန်ကြီးဌာနရဲ့ အဆိုပြုပြဋ္ဌာန်းချက်က မြန်မာ့ရိုးရာအစဉ်အလာ စံသတ်မှတ်ချက်များ အပေါ် အခြေခံတည်ဆောက်ထားသော မိသားစုပုံစံကို ပိုမိုခိုင်မာစေရန် အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်းဆိုပြီး ဖော်ပြထားတာဖြစ်ပါတယ်။ အဲဒါကို အမျိုးသားလွှတ်တော်က မြန်မာဆိုတဲ့စကားလုံးကို ဖြုတ်ပြီးတော့မှ ကျန်စာသားအားလုံးကို အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကလည်း အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းပဲ ရပ်တည်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ပြင်ဆင်ရန်တင်ပြချက်ကတော့ တိုင်းရင်းသားများ၏ ရိုးရာအစဉ်အလာ စံသတ်မှတ်ချက်များအပေါ် အခြေခံတည်ဆောက်ထားသော မိသားစုပုံစံဆိုပြီး ကျွန်တော်ကဖော်ပြထားပါတယ်။ မြန်မာဆိုတာကို ထည့်လို့မရလို့ ကျွန်တော် တိုင်းရင်းသားဆိုတာကို အစားထည့်ခဲ့ခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုဆွေးနွေးနေတဲ့ ဥပဒေကြမ်းဟာ မြန်မာနိုင်ငံမှာကျင့်သုံးမယ့် ဥပဒေဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ ဥပဒေအတည်ပြုပေးခဲ့တဲ့အထဲမှာ အမှတ်စဉ် ၁၃ အခန်း(၂) အပိုဒ် ၃ ဥပဒေရဲ့ရည်ရွယ်ချက် အပိုဒ်(က)မှာလည်း မြန်မာ့ရိုးရာအစဉ်အလာနဲ့အညီ မြန်မာမှုဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်စေမည်ဆိုတဲ့ ဝန်ကြီးဌာနရဲ့ အဆိုပြုတင်ပြချက်ကို အမျိုးသားလွှတ်တော်ကလည်း ဖြုတ်ချခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီကလည်း ကျွန်တော်တို့ ဒီအတိုင်းပဲ သဘောတူခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့လက်ရှိ လွှတ်တော်ကိုယ်စားလှယ် အားလုံးကလည်း ဒါကို အတည်ပြုပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာပြဋ္ဌာန်းကျင့်သုံးမယ့်ဥပဒေ ဖြစ်ပါလျက်နဲ့ အမျိုးသားရေးစရိုက်လက္ခဏာတွေ ကွယ်ပျောက်အောင် ရည်သန်လုပ်ဆောင်နေတာလားလို့ တောင်မှ သံသယဖြစ်ဖို့အတွက် လုံလောက်တဲ့အကြောင်း ရှိပါတယ်။ ဥပဒေရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သက်ကြီးရွယ်အိုဆိုတာ အသက် ၆၀ နှစ်နဲ့အထက်ရှိတဲ့ မြန်မာနိုင်ငံသားအားလုံးကို ဆိုလိုပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံသား၊ တရုတ်၊ ကုလားတွေကလည်း အသက် ၆၀ ပြည့်ပြီး နိုင်ငံသားဖြစ်ခဲ့ရင် ဒီဥပဒေနဲ့ အကျုံးဝင်ပါတယ်။ ဒါကြောင့် တရုတ်၊ ကုလားက ဥပဒေနဲ့အကျုံးဝင်တာနဲ့ပဲ မြန်မာ့ရိုးရာအစဉ်အလာဆိုတဲ့စကားရပ်ကို ထည့်သွင်းဖော်ပြခွင့်မရှိတော့ဘူးလားဆိုတာကို ကျွန်တော်တို့က အင်မတန်ဝမ်းနည်းစရာတွေ့ရပါတယ်။ ဒီလိုသာ မြန်မာ့ရိုးရာအစဉ်အလာ၊ စံသတ်မှတ်ချက်များ၊ စာသားအစ ရိုးရာအစဉ်အလာ စံသတ်မှတ်ချက်များဆိုတဲ့ စာသားကိုပဲ အတည်ပြုပြဋ္ဌာန်းခဲ့မယ်ဆိုရင် တရုတ်ရိုးရာအစဉ်အလာ စံသတ်မှတ်ချက်များလို့လည်း အဓိပ္ပာယ်ကောက်ယူနိုင်ပါတယ်။ အလားတူ

ဟိန္ဒူကုလား ရိုးရာအစဉ်အလာလည်းဖြစ်နိုင်တယ်။ မွတ်ဆလင်ကုလားရိုးရာအစဉ်အလာလို့လည်း အဓိပ္ပာယ်ကောက်ယူနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးအတွက် Food for thought ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ နောက်ထပ် Option တစ်ခုကတော့ မြန်မာ့ရိုးရာ အစဉ်အလာလို့ဆိုတဲ့အတွက် ကျန်တဲ့တိုင်းရင်းသားတွေကို ကိုယ်စားမပြုဘူးဆိုတဲ့အယူအဆပါ။ မြန်မာဆိုတာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုပါတယ်လို့ ကျွန်တော်တို့ဘယ်လောက်ပဲရှင်းပြပေမယ့် မျက်ကန်းမျိုးချစ်တချို့က မြန်မာဆိုတာ ဗမာကိုပဲ ကိုယ်စားပြုတယ်ဆိုတဲ့ ခပ်ညံ့ညံ့အတွေးအခေါ်တွေက မြန်မာ့ရိုးရာအစဉ်အလာစာသားမှာ မြန်မာဆိုတဲ့စကားရပ်ကို ရှုပ်ချစေခဲ့တာလားလို့ စဉ်းစားစရာဖြစ်ပါတယ်။ မနေ့ကလည်း လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်း ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဗမာတွေလည်း တိုင်းရင်းသားပဲဖြစ်ပါတယ်ခင်ဗျ။ ဘယ်လိုပဲဆိုစေကာမူ ကျွန်တော့်ရဲ့အဆိုပြုတင်ပြချက်ကတော့ ဗမာ အပါအဝင် တိုင်းရင်းသားများအားလုံး ပါဝင်စေချင်တဲ့အတွက် တိုင်းရင်းသားများ၏ရိုးရာအစဉ်အလာ စံသတ်မှတ်ချက်များဆိုပြီး ထည့်သွင်းတင်ပြခဲ့တာရှိပါတယ်။ ဒီဥပဒေမှာ အကျုံးဝင်တဲ့ အသက် ၆၀ ပြည့်ပြီးသူ မြန်မာနိုင်ငံသား၊ တရုတ်၊ ကုလားတွေကို ဦးစားပေးပြီး မြန်မာနိုင်ငံမှာကျင့်သုံးမယ့် ဥပဒေ မှာ မြန်မာစကားရပ် မထည့်သွင်းနိုင်တာကိုတော့ အပြင်းအထန် ကန့်ကွက်ပါတယ်။ မြန်မာ စကားမထည့်နိုင်ရင်တောင်မှ တိုင်းရင်းသားတွေရဲ့ ရိုးရာအစဉ်အလာ စံသတ်မှတ်ချက်များပါဝင်တဲ့ ကျွန်တော့်ရဲ့အဆိုကို ကျွန်တော်တို့ အတည်ပြုပေးနိုင်ဖို့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဒီဥပဒေရဲ့ ခေါင်းစဉ်သတ်မှတ်ချက်ကိုက သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေဖြစ်ပါတယ်။ သက်ကြီးရွယ်အိုများအားလုံးကို ရည်ညွှန်းပြီးတော့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကူညီထောက်ပံ့ဖို့လိုအပ်နေတဲ့ မြန်မာနိုင်ငံသားအားလုံးအတွက် ရည်ရွယ်ချက်ကြီးကြီးမားမားနဲ့ ရည်ညွှန်းပြီးတော့ ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ တကယ်လို့ တိုင်းရင်းသား များရိုးရာအစဉ်အလာလို့ဆိုလိုက်ရင် ကျွန်မတို့မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းသား ၁၃၅ မျိုးမှာမပါဝင်တဲ့ တခြားသော မြန်မာနိုင်ငံသားတွေအတွက် ဒီဥပဒေရဲ့အကျိုးသက်ရောက်မှုမရှိတဲ့ သဘော ရောက်ရှိသွားနိုင်ပါတယ်။ ကျွန်မတို့မြန်မာမိသားစုတွေမှာဆိုလို့ရှိရင် ဥပမာ ကရင်၊ မြန်မာ

စသဖြင့် အဲဒီလိုမျိုး ရောနှောနေတဲ့မိသားစုတွေလည်းရှိတဲ့အတွက် တိုင်းရင်းသားလို့ပြောလိုက်ရင် ဘယ်တိုင်းရင်းသားကို ကျွန်မတို့ကစံယူမှာလဲ။ အဲဒီစံနှုန်းတွေကိုလည်း ကျွန်မတို့အနေနဲ့ ဒီဥပဒေ အပေါ်မှာ စဉ်းစားစရာတွေဖြစ်လာပါတယ်။ ပြီးတော့ ဒီဥပဒေရဲ့ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)မှာ သက်ကြီးရွယ်အိုနှင့်ပတ်သက်ပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာလည်း သက်ကြီးရွယ်အိုဆိုတာ အသက် ၆၀ နှစ်နှင့်အထက်ရှိသော မြန်မာနိုင်ငံသားအားလုံးကိုဆိုတယ်လို့ ဖွင့်ဆိုထားတဲ့အတွက် ရှေ့နောက်လျော်ညီမှုရှိစေရန်နှင့် ဥပဒေရဲ့ရည်ရွယ်ရင်းမပျောက်စေရန် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေနဲ့ ဤဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်အတိုင်း ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းရဲ့ အပိုဒ် ၅ အပိုဒ်ခွဲ(င)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း သဘောတူကြောင်းတင်ပြခဲ့ပြီး မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က ပြင်ဆင်ချက်အဆိုတင်သွင်းထား ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ဥပဒေကြမ်းကော်မတီရဲ့ သဘော တူညီမှုကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီကို ထောက်ခံမဲများလျှင် အမျိုးသား လွှတ်တော်ရဲ့အတည်ပြုချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးမောင်မြင့်ရဲ့ပြင်ဆင်ချက် က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲ ပေးတဲ့နည်းလမ်းနဲ့ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေး နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၂၅၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၁၄၅ မဲ၊ ကြားနေဆန္ဒမဲ ၁ မဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၅ အပိုဒ်ခွဲ(င)သည်

အမျိုးသားလွှတ်တော်၏အတည်ပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်၊ အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသေးသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ အတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**မူကြမ်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၂း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**